# လက်တွေ့မပါတဲ့ သဘောတရား

မောင်ငြိမ်းသူ (ကြို့ပင်ကောက်)

**❖ ကျွန်တော်မှတ်မိသမျှကို ပြန်လည်မျှဝေပေးလိုသည်။ သို့သော် ဝတ္ထုဇာတ်ဆောင်များကို မမှတ်မိတော့ပါ။ သူနေသောရပ်ကွက်မှ အမျိုးသားတချို့ဖြစ်သည်။ ထိုအချိန်က မဂ္ဂဇင်းများတွင် ရသစာပေများ ရှားပါးလာပြီး စီးပွားရေးဆောင်းပါးများ ခေတ်စားလာခဲ့သည်။ ဝတ္ထုရေးသူက ကြက်ဘဲမွေးမြူရေး၊ စိုက်ပျိုးရေးများ ရေးလာသည်။ ကဗျာရေးသူက ကာရန်ရှာမနေတော့ဘဲ ချဉ်ဖတ်ထည့်နည်းရေးလာသည်။ ထုတ်ဝေသူနှင့် အယ်ဒီတာများကလည်း စိတ်ကူးယဉ်များ မရေးပါနဲ့။ စီးပွားရေးပဲ ရေးပေးပါဟု တောင်းဆိုလာကြသည်။ ❖**

ကျွန်တော်ရွှေသမင်စာပေတိုက်တွင် ၁၉၉၃ ခုနှစ်မှ ၁၉၉၇ ခုနှစ်ထိ စာပြင်ဆရာလုပ်ခဲ့ပြီး ရွှေသမင်မဂ္ဂဇင်းတွင် အယ်ဒီတာလုပ်ခဲ့ဖူးသည်။ တိုက်ပိုင်လုံးချင်းရေးသူ စာရေးဆရာ၊ ဆရာမ ၁၅ ဦးခန့်ရှိခဲ့သည်။ ရတနာမွန် ဘာသာရေးမဂ္ဂဇင်းလည်းရှိသည်။ ထို့ကြောင့် စာရေးဆရာ၊ ဆရာမမျိုးစုံနှင့်လည်း တွေ့ဆုံရင်းနှီး ကျွမ်းဝင်ခဲ့ရသည်။

စာရေးဆရာ၊ ဆရာမမျိုးစုံထဲတွင် လုံးချင်းရေးကြသူများ၊ မဂ္ဂဇင်းတွင် ရေးသားကြသူများစုံလင်လှသည်။ ပန်းချီဆရာများနှင့် ကာတွန်းဆရာများလည်း ပါဝင်သည်။ ရွှေသမင်မဂ္ဂဇင်းအယ်ဒီတာအဖွဲ့ကို ဆရာ လယ်တွင်းသားစောချစ်က တာဝန်ယူပြီး ကဗျာကဏ္ဍတွင် မောင်စိန်ဝင်း(ပုတီးကုန်း)၊ တာဝန်ခံအယ်ဒီတာဦးစိုးမြင့်(ပပစိုး)နှင့် အမှုဆောင်အယ်ဒီတာ ကျွန်တော်ဖြစ်သည်။

ရွှေသမင်မဂ္ဂဇင်းတွင် ထိုအချိန်က စာမူခတစ်ပုဒ် ငွေကျပ် ၆၀၀ အမြင့်ဆုံးချီးမြင့်ခံရသူမှာ ဆရာသော်တာဆွေဖြစ်ပါသည်။ ဆရာသော်တာဆွေက ရှုမဝမဂ္ဂဇင်း ရပ်နားသွားသောကြောင့် ဆရာ၏ ဘဝဇာတ်လမ်းအစုံကို ရွှေသမင်မဂ္ဂဇင်းတွင် ဆက်လက်ရေးသားပေးနေခြင်းဖြစ်သည်။

ရွှေသမင်မဂ္ဂဇင်း၏ထူးခြားသောမှုမှာ စာပေအနုပညာသက်သက်ကိုပဲ ဖော်ပြပေးပြီး ရုပ်ရှင်၊ ဂီတ၊ သဘင်ကဏ္ဍများကို ဖော်ပြပေးခြင်းမရှိခဲ့ပါ။ ထို့ကြောင့် စာရေးဆရာအများစု၏ စုရပ်ဖြစ်လာသည်။ စာပေအမျိုးအစားမျိုးစုံ ရေးသားနေကြသူများ ရောက်ရှိလာကြသကဲ့သို့ နယ်မြေဒေသအသီးသီးမှ စာရေးဆရာကြီးငယ်များလည်း ရောက်ရှိလာခဲ့ကြသည်။

တစ်နေ့တွင် နယ်ကောလိပ်မှ နည်းပြဆရာ (စာရေးဆရာလေး)မဂ္ဂဇင်းတိုက်သို့ ရောက်လာခဲ့ရာ ကျွန်တော်တို့အယ်ဒီတာအဖွဲ့က သူ့ထံမှ စာမူတစ်ပုဒ်တောင်းခဲ့သည်။ သူက အတည်အတံ့၊ စာခံ့ပေခံ့များကို ရေးသားနေသကဲ့သို့ သရော်စာများကိုလည်း ကလောင်နာမည်တစ်မျိုးနှင့် ရေးသားနေသူဖြစ်သောကြောင့် သရော်စာတစ်ပုဒ် ရေးသားပေးရန် တောင်းခဲ့သည်။ တောင်းစာမူဖြစ်သောကြောင့် စာမူခအမြင့်ဆုံး ငွေကျပ် ၆၀၀ ကို ဆရာသော်တာဆွေနည်းတူ ချီးမြှင့်ပေးခဲ့သည်။

သူကလည်း အားရဝမ်းသာဖြစ်ကာ ရက်အနည်းငယ်အတွင်းမှာပင် သရော်စာတစ်ပုဒ်ကို ရေးသားပြီး နယ်မှအမြန်ပေးပို့ခဲ့ရာ ကျွန်တော်တို့အယ်ဒီတာအဖွဲ့လည်း တောင်းစာမူဖြစ်သဖြင့် ဖော်ပြပေးခဲ့သည်။ သူ့ သရော်စာပါ ရွှေသမင်မဂ္ဂဇင်းမှာ ခြစားသည့်အထဲတွင် ပါသွားလေရာ ကျွန်တော့်စာအုပ်စင်မှာ မရှိတော့ပါ။ သို့သော် မှတ်မိနေပါသေးသည်။ မမှတ်မိဘဲ အဘယ်မှာနေပါမည်နည်း။ သူက သူ့စာမူအကြောင်းကို ဖုန်းဖြင့်ရှင်းပြရင်း ဆရာငြိမ်း (လို/ပို) ကြည့်စီစဉ်ပေးပါဟုလည်း အကူအညီတောင်းခံခဲ့ပါသေးသည်။ ကျွန်တော်က အယ်ဒီတာလည်းဖြစ်၊ စာပြင်ဆရာလည်းဖြစ်သဖြင့် စာမူအဖြစ် တစ်ခါဖတ်တည်းဖြတ်ပေး၊ ခဲစာလုံးခေတ်ဖြစ်သဖြင့် ဂယ်ရီပရုဖ်၊ ဖောင်ပရုဖ် အကြိမ်ကြိမ်ဖတ်ရှုပြီး စာစီအမှားများကို ပြင်ဆင်ပေးခဲ့ရသောကြောင့် အားလုံးထက် ပို၍မှတ်မိနေခြင်းဖြစ်သည်။

ကျွန်တော်မှတ်မိသမျှကို ပြန်လည်မျှဝေပေးလိုသည်။ သို့သော် ဝတ္ထုဇာတ်ဆောင်များကို မမှတ်မိတော့ပါ။ သူနေသောရပ်ကွက်မှ အမျိုးသားတချို့ဖြစ်သည်။ ထိုအချိန်က မဂ္ဂဇင်းများတွင် ရသစာပေများ ရှားပါးလာပြီး စီးပွားရေးဆောင်းပါးများ ခေတ်စားလာခဲ့သည်။ ဝတ္ထုရေးသူက ကြက်ဘဲမွေးမြူရေး၊ စိုက်ပျိုးရေးများ ရေးလာသည်။ ကဗျာရေးသူက ကာရန်ရှာမနေတော့ဘဲ ချဉ်ဖတ်ထည့်နည်းရေးလာသည်။ ထုတ်ဝေသူနှင့် အယ်ဒီတာများကလည်း စိတ်ကူးယဉ်တွေ မရေးပါနဲ့။ စီးပွားရေးပဲ ရေးပေးပါဟု တောင်းဆိုလာကြသည်။ ကိုယ်မကျွမ်းကျင်ဘဲ ငါးပွက်ရာ ငါးစာချ လုပ်စားနေကြသူများကို သရော်စာရေးသူ စာရေးဆရာက ဘဝတူစာရေးဆရာ ဆရာမများ၊ ထုတ်ဝေသူနှင့်အယ်ဒီတာများကိုပါ သရော်လိုက်သည့် သရော်စာကို ရွှေသမင်မဂ္ဂဇင်းတိုက်သို့ရေးသာပေးပို့လိုက်ခြင်းဖြစ်သည်။ ခေါင်းစဉ်က **"စီးပွားရေးနှင့် ကြီးပွားရေး"**တဲ့။

ခေတ်ပညာတတ် ကောလိပ်မှနည်းပြဆရာ (စာရေးဆရာ)ကို မိတ်ဆွေတချို့က အကူအညီ တောင်းခံသည်။ လူတိုင်း စီးပွားရေးလုပ်နေကြသော်လည်း သူ့တို့မှာ အရင်းအနှီးမရှိသဖြင့် အထင်တကြီး အကူအညီ တောင်းခံခြင်းဖြစ်သည်။ သည်တော့ စာရေးဆရာက အကြံပေးသည်။

"အရင်းအနှီးဆိုတာ ရှာတတ်ရင် ရပါတယ်ဗျာ။ ခင်ဗျားတို့အိမ်မှာ မိုးထားတဲ့ အိမ်မိုးသွပ်တွေဟာ အရင်းအနှီးတွေပဲပေါ့"

"အဲဒီ အမိုးသွပ်တွေကို ဘာလုပ်ရမှာလဲ ဆရာ"

"ဒါကြောင့် ခင်ဗျားတို့ ဆင်းရဲနေတာ။ ကြီးပွားတိုးတက်ချင်ရင် ကြံရည်ဖန်ရည်ရှိရတယ်ဗျ။ ဒီမြို့မှာ ရေကန်ကြီးတွေရှိနေပေမဲ့ မြို့ကလူတွေ၊ ရေသယ်ယူရေးမှာ ဒုက္ခတွေ့နေကြရတယ်။ ဒီတော့ ကိုယ့်အိမ်က သွပ်တွေကို ခွာချ၊ သံဖြူဆရာဆီမှာ ရေစည်ပိုင်းတွေလုပ်ရောင်း၊ ခင်ဗျားတို့ ကြီးပွားလာမှာ သေချာတယ်"

"ဖြစ်ပါ့မလား ဆရာရယ်"

"ရဲရဲကြီး လုပ်စမ်းပါ။ ဖြစ်ကိုဖြစ်ရစေ့မယ်"

ထို့ကြောင့် လမ်းထဲမှလူတချို့က အိမ်မိုးသွပ်တွေကို ခွာချ၊ သံဖြူဆရာနှင့်ညှိနှိုင်းတိုင်ပင်ပြီး ရေစည်လုပ်ကာ ရောင်းချခဲ့သည်။ ရေစည်များရောင်းချခါစတွင် အရောင်းသွက်သောကြောင့် ရောင်းကောင်းသူများက ကျေးဇူးအထူးတင်နေကြသည်။

သို့သော် လပိုင်းအတွင်းမှာပင် စီးပွားရေးစားကျက်ကျွမ်းကျင်သူ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ရေစည်များတွန်းပြီး တစ်အိမ်ချင်း ရေထည့်နေခြင်းထက် လွယ်ကူလျင်မြန်သွက်လက်အကျိုးရှိစေသော ရေဘောက်ဆာကားများနှင့် အစားထိုးဝင်ရောက်နေရာလုလာခဲ့သည်။ လူ့သဘောသဘာဝအရလည်း လွယ်ကူသက်သာလျင်မြန်မှုကို နှစ်သက်အားပေးလေ့ရှိကြရာ ရေစည်များအရောင်းထိုင်းကုန်ကြ တော့သည်။

သည်တော့ ရေစည်သမားများက စိတ်ဓာတ်ကျသွားပြီး စာရေးဆရာထံ အကြံဉာဏ်တောင်းခံပြန်ရာ သူကလည်း အကြံဉာဏ်ပေးပြန်သည်။

"ရေဘောက်ဆာကားတွေ ဘယ်လောက်များများ အိမ်ထဲကိုရေထည့်တဲ့နေရာမှာ ရေဆွဲပုံးမရှိရင် မဖြစ်ဘူး။ ဒီတော့ကာ ရေစည်တွေကိုဖျက်ပြီး ရေဆွဲပုံးတွေလုပ်ရောင်းပါ။ အဆင်ပြေရစေမယ်"

မည်သူမျှ စောဒကမတက်ကြဘဲ ရေစည်များကိုဖျက်ပြီး ရေဆွဲပုံးများလုပ်ရောင်းချခဲ့ရာ ရေစည်များတုန်းကလိုပင် အရောင်းသွက်လှသောကြောင့် ဝင်ငွေကောင်း အဆင်ပြေနေခဲ့ကြသည်။ စာရေးဆရာကို ကျေးဇူးတင်မဆုံး တပြုံးပြုံးနှင့် ကောင်းချီးပေးနေခဲ့ကြသည်။

သို့သော် နှစ်လ၊ သုံးလ ကြာလာသောအခါ ရေစည်ဘောက်ဆာသမားများက ရေဆွဲပုံးများအစား ရေဘောက်ဆာမှတစ်ဆင့် ရေပိုက်များဖြင့် ရေထည့်ပေးခြင်းစနစ်ကို ကျင့်သုံးခဲ့ကြရာ ရေဆွဲပုံးများကို မသုံးကြတော့ပေ။ အချိန်ကုန်လူသက်သာသော ရေပိုက်များကို အသုံးပြုလာကြသောကြောင့် ရေဆွဲပုံးများ အရောင်းထိုင်းကုန်ကြသည်။ လမ်းသူလမ်းသားများ ပို၍စိတ်ဓာတ်ကျလာသည်။

သည်တော့ မထူးဇာတ်ခင်းပြီး စာရေးဆရာကို ထပ်မံ၍ အကူအညီတောင်းခံပြန်သည်။ သူကလည်း အားမလျှော့သေးဘဲ ထပ်မံ၍ အကြံပေးပြန်သည်။

"စိတ်ဓာတ်မကျပါနဲ့ဗျာ။ စီးပွားရေးလောကမှာ ဒါတွေက ဖြစ်တတ်ပါတယ်။ အခုမြို့နယ်တိုင်းမှာ လျှပ်စစ်မီးမနိုင်လို့ လူအများစုဟာ ရေနံဆီမီးခွက်တွေကိုပဲ သုံးစွဲနေကြရတာပါ။ ဒီတော့ ခင်ဗျားရဲ့ ရေဆွဲပုံးတွေကို ရေနံဆီမီးခွက်တွေ လုပ်ရောင်း၊ တန်ဖိုးနည်းနည်းနဲ့ အရောင်းသွက်လိမ့်မယ်။ မြန်မြန်သာလုပ်ပါ"

အိမ်မိုးသွပ်ကိုခွာပြီး စီးပွားရေးအရင်းအနှီးလုပ်စားနေကြသူများသည် စာရေးဆရာကို ယုံစားအားထားနေကြသူများဖြစ်ရာ အတွန့်မတက်ဘဲ အကြံပေးသည့်အတိုင်း ရေဆွဲပုံးများကိုဖျက်၊ ရေနံဆီမီးခွက်များလုပ် ရောင်းချခဲ့ရာ ဝင်ငွေကောင်းခဲ့ပြန်သည်။ ထို့ကြောင့် စာရေးဆရာကို ပို၍ပို၍ အထင်ကြီးလာသကဲ့သို့ ပို၍ပို၍ အားကိုးလာခဲ့ကြသည်။

စာရေးဆရာကလည်း သူပေးသည့် အကြံဉာဏ်များ စီးပွားရေးသဘောတရားများအတွက် ဂုဏ်ယူမဆုံး တပြုံးပြုံး။

သို့သော် သူ့အပြုံးသည် ခေတ္တခဏမျှသာခံသည်။ ရေနံဆီမီးခွက်မှောက်ကျသဖြင့် ထိုမြို့တစ်မြို့လုံး မီးလောင်ဆုံးရှုံးသွားခဲ့ရာ ရေနံဆီမီးခွက်များကို မသုံးကြတော့ဘဲ ဖယောင်းတိုင်များကိုသာ ပြောင်းလဲ သုံးစွဲကုန်ကြသည်။

စီးပွားရေးလုပ်လိုသူများ ဗျာများရလေပြီ။ အိမ်မိုးသွပ်တပြောင်ပြောင်အမြင့်ဘဝမှ အရောင်မဲ့သော ခနိမိုး အနိမ့်ဘဝသို့ ကျရောက်ခဲ့ရသည်။

သွပ်များကို ခွာချ၊ ရေစည်လုပ်ရောင်းစက အဆင်ပြေသဖြင့် အားတက်နေခဲ့သည်။ ရေဘောက်ဆာကားများပေါ်လာသဖြင့် ရေစည်များကိုဖျက်ပြီး ရေဆွဲပုံးလုပ်ရောင်းတော့လည်း အဆင်ပြေသေး၏။ သို့သော် ရရစားစားဘဝပင်။

သို့သော် ရေပိုက်တွေပေါ်လာပြန်ရာ ရေဆွဲပုံးများကိုဖျက်ပြီး ရေနံဆီမီးခွက်များ လုပ်ရောင်းသည်။ အဆင်ပြေသေး၏။ ကံဆိုးချင်တော့ ရေနံဆီမီးခွက်ကြောင့် တစ်မြို့လုံးမီးလောင်သွားရာ ရေနံဆီမီးခွက်ကို လုံးဝ မသုံးကြတော့ပေ။

အရင်းပြုတ်သွားကြသော လမ်းသူလမ်းသားများက စီးပွားရေးသဘောတရား ဆရာကြီး စာရေးဆရာထံသို့သွားရောက်အကြံဉာဏ်မတောင်းတော့ဘဲ လက်မှိုင်ချနေစဉ် စာရေးဆရာကရောက်လာပြီး စီးပွားရေးသဘောတရားကို ပိုင်နိုင်ကျွမ်းကျင်သူကြီးစတိုင်လ်ဖြင့် အကြံဉာဏ်ထပ်မံပေးပြန်လေသည်။

"ရေနံဆီမီးခွက်တွေကို ဖျက်ပြီး နားဖာကလော်နဲ့ မွေးညှပ်တွေလုပ်ရောင်း"တဲ့လေ။

သရော်ထားသော သရော်စာဝတ္ထုတိုကလေးက ထိုခေတ်ထိုကာလက အခြေအနေအရပ်ရပ်ကို လှမ်းခြုံ သရော်ထားခြင်းဖြစ်သည်။ သဘောတရားနှင့်လက်တွေ့ မကိုက်ညီဘဲ ကွဲလွဲမှုရှိနေပါက မတိုးတက်ဘဲ ဆုတ်ယုတ်ကြောင်း သရော်ထားခြင်းဖြစ်သည်။ လက်တွေ့မပါသော သဘောတရားသည် ခွေးကျိုးနှင့် ယုန်လိုက်သည်နှင့်တူကြောင်း၊ နှုတ်အပြောနှင့်အလုပ်သဘောမညီခြင်းသည် အကျိုးမရှိကြောင်း မီးမောင်းထိုးပြခြင်းဖြစ်သည်။

ထိုသရော်စာရေးသားသော စာရေးဆရာနှင့် ကျွန်တော်ပူးတွဲပြီး စာပေဟောပြောပွဲများ ဟောပြောခဲ့ဖူးသည်။ ကျွန်တော့်ကို ဆရာငြိမ်းဟုခေါ်သလို၊ အစ်ကိုငြိမ်းဟုလည်း ခေါ်သည်။ တက်ကြွပြီး အဟောအပြော ကောင်းသူလည်းဖြစ်ပါသည်။

ကျွန်တော်ဆိုလိုချင်တာက ထိုစာရေးဆရာ ရေးသားခဲ့သော သရော်စာဝတ္ထုတိုသည် ယနေ့အချိန်ကာလတွင်လည်း ခေတ်၏ကြေးမုံဖြစ်နေသောကြောင့်ပင်တည်း။

လွန်ခဲ့သောနှစ်ပေါင်း ၃၀ ခန့်က သရော်ခဲ့သော ဝတ္ထုတိုကလေးသည် ယခုအချိန်ထိ ပုံရိပ်ထင်သက်ဝင်နေသည်ကိုကား မျက်ဝါးထင်ထင်တွေ့မြင်သိရှိခံစားနေကြရသည်။ အပြောလွယ်သလောက် အလုပ်ခက်သည်ကို ပုံရိပ်ဖော်ပြလိုက်ခြင်းဖြစ်သည်။ အချို့စာပေလောက၊ အချို့စီးပွားရေးလောကနှင့် အခြားကဏ္ဍများတွင် အံဝင်ခွင်ကျမဖြစ်ကြဘဲ ဟန်ရေးပြများ၊ ကြွားဝါမှုများ၊ အတုအယောင်နှင့် ဟန်ဆောင်မှုများရှိနေကြသည်။

ဤသည်ကို မြန်မာ့စကားပုံများနှင့် သိသာထင်ရှားအောင် သာဓကပုံဆောင်ပြသလိုသည်။

"အကျဉ်းအကျပ်ကိုတွေ့မှ အလေ့အကျင့်ကို သိရသည်"

"အငင်မတတ်လျှင်၊ ပန်းလျက်နှင့်မရ။ အဆင်မတတ်လျှင် ဆန်းလျက်နှင့်မလှ"

"အဆီရှိမှ မီးတောက်သည်၊ အမှီရှိမှ ပြီးမြောက်သည်"

"ကျွမ်းကျင်ရာ လိမ္မာ"

"ခါးတောင်းကျိုက်တလွဲ၊ ဖင်တလွဲ"

"ခုတ်ရာတခြား ၊ ရှရာတခြား"

"ခြင်းကြားကြီးနဲ့ရေကိုယူ၊ အိုးကိုတုလို့ နိုင်ပါရိုးလား"

စာမျက်နှာ ၅ သို့ ➤

# နိုင်ငံတကာ သတင်းများ

## လာမည့်နှစ် ဇန်နဝါရီလကုန်ပိုင်းတွင် လွှတ်တော်ဖျက်သိမ်းရန် ထိုင်းဝန်ကြီးချုပ်စီစဉ်

ဗန်ကောက် စက်တင်ဘာ ၂၅

၂၀၂၆ ခုနှစ် ဇန်နဝါရီလကုန်ပိုင်းတွင် လွှတ်တော်ကို ဖျက်သိမ်းရန်စီစဉ်ထားကြောင်း ထိုင်းဝန်ကြီးချုပ်သစ် အနူတင်ချန်ဗီရာကူးလ်က စက်တင်ဘာ ၂၄ ရက်တွင် ထုတ်ဖော်ပြောကြားထားသည်။

အလားတူ လွှတ်တော်ဖျက်သိမ်းပြီးနောက် ၂၀၂၆ ခုနှစ် မတ်လ သို့မဟုတ် ဧပြီလအစောပိုင်းတွင် အထွေထွေ ရွေးကောက်ပွဲများ ကျင်းပပေးမည်ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ် အနူတင်ချန်ဗီရာကူးလ်က အတည်ပြုကြေညာခဲ့သည်။

ပေ့ထိုင်းပါတီ ဝန်ကြီးချုပ် ပေထုန်တန်ရှင်နာဝပ်ကို ကျင့်ဝတ်ချိုးဖောက်မှုဖြင့် ထိုင်းဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးက ရာထူးမှဖယ်ရှားခဲ့ပြီးနောက် ထိုင်းလွှတ်တော်က အနူတင်ချန်ဗီရာကူးလ်ကို ဝန်ကြီးချုပ်သစ်အဖြစ် ရွေးချယ် တင်မြှောက်ခဲ့ခြင်းဖြစ်သည်။

ဘမ်ဂျိုင်းထိုင်းပါတီခေါင်းဆောင် အနူတင်ချန်ဗီရာကူးလ်သည် ထိုင်းနိုင်ငံ၏ အဓိကအတိုက်အခံပါတီဖြစ်သော ပြည်သူ့ပါတီ၏ ထောက်ခံမှုဖြင့် ဝန်ကြီးချုပ်ရာထူး ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

အနူတင်ချန်ဗီရာကူးလ်အနေဖြင့် ဝန်ကြီးချုပ်ရာထူး ရယူပြီးပါက လေးလတာကာလအတွင်း ရွေးကောက်ပွဲများ ကျင်းပပေးရန် ပြည်သူ့ပါတီက တောင်းဆိုထားသည်။

အနူတင်ချန်ဗီရာကူးလ်သည် နှစ်နှစ်တာကာလအတွင်း တတိယမြောက် ထိုင်းဝန်ကြီးချုပ်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



## မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ချိုဆွန်ဟွီး တရုတ်နိုင်ငံသို့ သွားရောက်မည်

ပေကျင်း စက်တင်ဘာ ၂၅

တရုတ် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီ၏ဖိတ်ကြားချက်အရ မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ချိုဆွန်ဟွီးသည် တရုတ်နိုင်ငံသို့ မကြာမီကာလအတွင်း သွားရောက်မည်ဖြစ်ကြောင်း ကေစီအင်န်အေ သတင်းဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

သို့ရာတွင် နိုင်ငံခြားရေးဝန်ကြီး ချိုဆွန်ဟွီးအနေဖြင့် တရုတ်နိုင်ငံသို့ မည်သည့်အချိန်တွင် သွားရောက်မည်၊ မည်သူတို့နှင့်တွေ့ဆုံဆွေးနွေးမည် စသည့်အသေးစိတ်အချက်အလက်များကို ကေစီအင်န်အေသတင်းဌာနက ထုတ်ပြန်ထားခြင်းမရှိသေးကြောင်း သိရသည်။

တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာန၏အဆိုအရ မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ချိုဆွန်ဟွီးသည် စက်တင်ဘာ ၂၇ ရက်မှ ၃၀ ရက်ထိ တရုတ်နိုင်ငံ၌ ရှိနေမည်ဖြစ်ကြောင်း သိရသည်။


အဆိုပါခရီးစဉ်သည် မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ချိုဆွန်ဟွီးအတွက် တစ်လမပြည့်မီကာလအတွင်း ဒုတိယမြောက် တရုတ်ခရီးစဉ်ဖြစ်သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ယခုနှစ် စက်တင်ဘာလအတွင်း တရုတ်နိုင်ငံသို့ သွားရောက်၍ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ထိပ်သီးဆွေးနွေးပွဲ ကျင်းပခဲ့သည်။

တရုတ်နိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံ၏ အဓိကစီးပွားရေးနှင့် သံတမန်ရေး မိတ်ဖက်နိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## တရုတ်နိုင်ငံ၏ ဖန်လုံအိမ်အာနိသင်ရှိ ဓာတ်ငွေ့များထုတ်လွှတ်မှုလျှော့ချရေးအစီအစဉ် ကုလသမဂ္ဂအထွေထွေညီလာခံ၌ တရုတ်သမ္မတ ရှီကျင့်ဖျင် ကြေညာ



ပေကျင်း စက်တင်ဘာ ၂၅

တရုတ်နိုင်ငံအနေဖြင့် ၂၀၃၅ ခုနှစ်အရောက်တွင် ဖန်လုံအိမ်အာနိသင်ရှိဓာတ်ငွေ့များထုတ်လုပ်မှုကို အမြင့်ဆုံးထုတ်လွှတ်မှုနှုန်းအောက် ခုနစ်ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းထိ လျှော့ချပေးရန် စီစဉ်ထားကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က စက်တင်ဘာ ၂၄ ရက် ကုလသမဂ္ဂ အထွေထွေညီလာခံ မိန့်ခွန်း၌ ထုတ်ဖော်ပြောကြားခဲ့သည်။

ယင်းအပြင် တစ်ကမ္ဘာလုံးအတိုင်းအတာအရ သန့်ရှင်းသော စွမ်းအင်သုံးစွဲရေးဆီသို့ အသွင်ကူးပြောင်းမှုအား ဟန့်တားပိတ်ပင်နေသည့် နိုင်ငံအချို့ကိုလည်း တရုတ်သမ္မတရှီကျင့်ဖျင်က ဝေဖန်ခဲ့သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ယခုနှစ် ကုလသမဂ္ဂ အထွေထွေညီလာခံသို့ ကိုယ်တိုင်တက်ရောက်မှုမရှိသော်လည်း ကမ္ဘာ့ခေါင်းဆောင်များ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ထိပ်သီးညီလာခံတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် မိန့်ခွန်းပြောကြားခဲ့ခြင်းဖြစ်သည်။

သန့်ရှင်းသော စွမ်းအင်နှင့် ဖန်လုံအိမ်အာနိသင်ရှိ ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးသည် ယနေ့ခေတ်၏ ရေစီးကြောင်းများ ဖြစ်ကြကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က စက်တင်ဘာ ၂၄ ရက်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

သန့်ရှင်းသော စွမ်းအင်များပြောင်းလဲသုံးစွဲရေး လှုပ်ရှားမှုကို နိုင်ငံအချို့က တားဆီးဟန့်တားနေကြသည့်တိုင် ကမ္ဘာ့နိုင်ငံများအနေဖြင့် လမ်းမှန်ပေါ်တွင်သာ ဆက်လျှောက်သင့်ကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က တိုက်တွန်းခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် စက်တင်ဘာ ၂၃ ရက်က ၎င်းပြောကြားခဲ့သည့်မိန့်ခွန်းတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နည်းပညာများ အသုံးပြုနေမှုအတွက် ဥရောပသမဂ္ဂနိုင်ငံများနှင့် တရုတ်နိုင်ငံတို့ကို ဝေဖန်ထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ဂါဇာကမ်းမြောင်ကူညီရေးသင်္ဘောအုပ်စုကိုကာကွယ်ရန် စစ်သင်္ဘောများ အီတလီစေလွှတ်ထား

ရောမ စက်တင်ဘာ ၂၅

အကူအညီများ ပေးအပ်ရေးအတွက် ဂါဇာကမ်းမြောင်သို့ ဦးတည်နေသော နိုင်ငံတကာ ရေယာဉ်အုပ်စုကို အကာအကွယ်ပေးရေးအတွက် အီတလီနိုင်ငံက ဒုတိယမြောက် ရေတပ်သင်္ဘောတစ်စီးထပ်မံစေလွှတ်ထားကြောင်း အီတလီကာကွယ်ရေးဝန်ကြီး ဂွီဒိုခရိုဆက်တိုက ယနေ့တွင် ထုတ်ဖော်ပြောကြားထားသည်။

ဂါဇာကမ်းမြောင် အကူအညီပေးရေး ရေယာဉ်အုပ်စုမှရေယာဉ်များ မောင်းသူမဲ့လေယာဉ် တိုက်ခိုက်မှုများနှင့်ရင်ဆိုင်ခဲ့ရပြီးနောက် အီတလီနိုင်ငံက ယင်းရေယာဉ်အုပ်စုကို ကာကွယ်ရေးအတွက် စစ်သင်္ဘောများ စေလွှတ်ထားခြင်းဖြစ်သည်။

နိုင်ငံတကာမှ ရေယာဉ်ငယ်အစီးပေါင်း ၅၀ ခန့် ပါဝင်သည့် အဆိုပါ ရေယာဉ်အုပ်စုသည် အစ္စရေး၏ ဂါဇာကမ်းမြောင်ရေကြောင်းပိတ်ဆို့မှုကို ချိုးဖောက်ရန် ကြိုးစားမည်ဖြစ်သည်။

အဆိုပါ ရေယာဉ်အုပ်စုမှ ရေယာဉ်အများအပြားမှာ စက်တင်ဘာ ၂၄ ရက်တွင် အစ္စရေးမောင်းသူမဲ့လေယာဉ်များအဖြစ် ယူဆရသော အနိမ့်ပျံမောင်းသူမဲ့လေယာဉ်များ၏ တိုက်ခိုက်မှုကို မြေထဲပင်လယ်ဒေသ၌ ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

အထက်ပါသတင်းနှင့်ပတ်သက်၍ အစ္စရေးနိုင်ငံခြားရေးဝန်ကြီးဌာနက တစ်စုံတစ်ရာတုံ့ပြန်မှု မရှိသေးကြောင်း သိရသည်။

ဂါဇာကမ်းမြောင် ကူညီရေးသင်္ဘောအုပ်စုကို ကာကွယ်ရေးအတွက် စပိန်နိုင်ငံကလည်း မြေထဲပင်လယ်ဒေသသို့စစ်သင်္ဘော တစ်စီး စေလွှတ်ထားကြောင်း သိရသည်။

Ref : RT
Trs : KKO

## မောင်းသူမဲ့လေယာဉ်များကြောင့် ယာယီပိတ်ထားခဲ့ရသော ဒိန်းမတ်အနောက်ပိုင်းလေဆိပ်များ ပြန်လည်ဖွင့်လှစ်

ကိုပင်ဟေဂင် စက်တင်ဘာ ၂၅




အမျိုးအမည်မသိ မောင်းသူမဲ့လေယာဉ်များ ညပိုင်းကာလပျံသန်းခဲ့မှုကြောင့် ပိတ်ထားခဲ့ရသည့် ဒိန်းမတ်နိုင်ငံ အနောက်ပိုင်းလေဆိပ်များကို ယနေ့နံနက်ပိုင်းတွင် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၂၄ ရက် ညပိုင်းတွင် အမျိုးအမည်မသိ မောင်းသူမဲ့လေယာဉ်များ လေဆိပ်ဝေဟင်ပိုင်နက်များအတွင်း ဝင်ရောက်ပျံသန်းခဲ့ပြီးနောက် ဒိန်းမတ်နိုင်ငံအနောက်ပိုင်း ဘီလန်းလေဆိပ်မှာ တစ်နာရီကြာပိတ်ထားခဲ့ရပြီး အောလ်ဘတ်ဂ်အမည်ရှိလေဆိပ်ကို သုံးနာရီကြာ ပိတ်ထားခဲ့ရကြောင်း ဒိန်းမတ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

သို့ရာတွင် အဆိုပါလေဆိပ်နှစ်ခုစလုံးကို ယနေ့နံနက်ပိုင်းတွင် ပြန်လည် ဖွင့်လှစ်နိုင်ခဲ့ကြောင်း ဒိန်းမတ်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ဒိန်းမတ်နိုင်ငံအနေဖြင့် ရက်သတ္တပတ်တာ ကာလအတွင်း မောင်းသူမဲ့ လေယာဉ်များ ပြဿနာကြောင့် ဒုတိယအကြိမ်မြောက်အဖြစ် လေဆိပ်များယာယီပိတ်ခဲ့ရခြင်းဖြစ်သည်။

စက်တင်ဘာ ၂၃ ရက်တွင်လည်း မောင်းသူမဲ့လေယာဉ်များ လေဆိပ်ဝေဟင်အတွင်း ဝင်ရောက်မှုကြောင့် ကိုပင်ဟေဂင်လေဆိပ်၌ လေယာဉ်ခရီးစဉ်များ ရပ်ဆိုင်းထားခဲ့ရသည်။

မောင်းသူမဲ့ လေယာဉ်များကြောင့် လေဆိပ်များပိတ်ခဲ့ရမှုကို ဒိန်းမတ်နိုင်ငံ၏ အရေးကြီးသော အခြေခံ အဆောက်အအုံများ တိုက်ခိုက်ခံရမှုအဖြစ် ဒိန်းမတ်အစိုးရက ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## နိုင်ငံတကာ အားကစားသတင်းများ

# Japan Open တင်းနစ်ပြိုင်ပွဲတွင် အမေရိကန် ကစားသမား တီယာဖိုးက ဖက်ဆိုဗစ်ကို ရှုံးနိမ့်

**တိုကျို စက်တင်ဘာ ၂၅**

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပနေသည့် Japan Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ် တစ်ပွဲအဖြစ် အမေရိကန်နာမည်ကြီး တင်းနစ်ကစားသမား တီယာဖိုးက ဟန်ဂေရီ တင်းနစ်ကစားသမား ဖက်ဆိုဗစ်နှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ဖက်ဆိုဗစ်က (၃-၆၊ ၆-၁၊ ၇-၅) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

တီယာဖိုးအနေဖြင့် ဗိုလ်စွဲရန် ရေပန်းစားနေသည့် ကစားသမားစာရင်းတွင် ပါဝင်နေပြီး ထင်မှတ်မထားဘဲ ပြိုင်ပွဲကို ပထမအဆင့်မှ နှုတ်ဆက်ခဲ့ရသည်။

စွမ်းဆောင်ရည်ပိုင်းနှင့် ပတ်သက်ပြီး အားမလိုအားမရဖြစ်ခဲ့သည့် တီယာဖိုးသည် ပွဲအပြီးတွင် ၎င်း၏ တင်းနစ်ရိုက်တံကို ရိုက်ချိုးခဲ့သည့်အတွက် ဝေဖန်မှုများဖြင့် ရင်ဆိုင်နေရသည်။

တီယာဖိုးအနေဖြင့် စိတ်ခံစားမှုကိုမထိန်းနိုင်ခဲ့ဘဲ တင်းနစ်ရိုက်တံကို ရိုက်ချိုးခဲ့ခြင်းနှင့်ပတ်သက်ပြီး ၎င်းအား စပွန်ဆာပေးနေသည့် အားကစားပစ္စည်း ကုမ္ပဏီဖြင့် ဆက်ဆံရေးလည်း ထိခိုက်သွားနိုင်သည်။

တီယာဖိုးအနေဖြင့် ပထမပွဲငယ်တွင် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲငယ်တွင် အမှားများခဲ့ပြီး ပြတ်သားသည့်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ရကာ အဆုံးအဖြတ်ပွဲစဉ်အဖြစ် တတိယပွဲငယ်တွင် အကောင်းဆုံး စွမ်းဆောင်နိုင်ခဲ့သော်လည်း tie-break တွင် ရှုံးနိမ့်ခဲ့ရကြောင်း သိရသည်။

တီယာဖိုးက"ကျွန်တော် ဘာမှ မသိတော့ဘူး။ ကျွန်တော့်ရဲ့ ဒီနှစ် တင်းနစ်ရာသီက ဘာတွေဖြစ်နေလဲဆိုတာလဲ ကျွန်တော်မသိတော့ဘူး။ ကျွန်တော် ဘာလုပ်ရမယ်မှန်းကိုမသိတော့ဘူး။ ကျွန်တော် ဆိုလိုတာက ကျွန်တော့်ရဲ့စွမ်းဆောင်ရည်က ဘာလို့ ဒီလိုဆိုးရွားနေရတာကို ကျွန်တော်မသိတော့ဘူး။ ကျွန်တော် အကောင်းဆုံးကြိုးစားလေ့ကျင့်ခဲ့တာပဲ"ဟု ပြောကြားခဲ့သည်။

တီယာဖိုးကို အနိုင်ရခဲ့သည့် ဖက်ဆိုဗစ်သည် ဒုတိယအဆင့်တွင် အမေရိကန် တင်းနစ်ကစားသမား နာကာရှီမာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : Mirror

Trs : AZL



## အားကစားသတင်းအတိုအထွာများ

❑ မန်ယူအသင်းမှ အပြီးသတ်ထွက်ခွာနိုင်ခြင်းမရှိပါက ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် အငှားစာချုပ်ဖြင့် ထွက်ခွာရန် တောင်းဆိုမည်ဟု ကွင်းလယ်ကစားသမား မိုင်နူးက ထုတ်ဖော်ပြောကြားခဲ့သည်။

❑ တောင်အမေရိကမှ လူငယ်ကစားသမား ပါရက်ဖ်နှင့် အက်စ်တီဗာအိုတို့ကို ခေါ်ယူခဲ့သည့် ချဲလ်ဆီးအသင်းက ရေဗားပလိတ်အသင်းမှ အသက် ၁၈ နှစ်ရှိလူငယ်ကစားသမား ဆူဘီယာဘရီကိုခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

❑ ရီးရဲလ်မက်ဒရစ်အသင်းက ပီအက်စ်ဂျီအသင်းမှ ဗီတင်ဟာကို ခေါ်ယူရန် တောင်ပံကစားသမားရှိုဒရီဂိုကို အလိုက်ပေးကမ်းလှမ်း သွားမည်ဖြစ်ကြောင်း သိရသည်။ ML

# ကာရာဘောင်းဖလား စတုတ္ထအဆင့်မဲခွဲမှုတွင် လက်ရှိချန်ပီယံနယူးကာဆယ်နှင့် စပါးအသင်းတို့တွေ့ဆုံ



**လန်ဒန် စက်တင်ဘာ ၂၅**

ကာရာဘောင်းဖလား စတုတ္ထအဆင့် မဲခွဲမှုအပြီးတွင် လက်ရှိချန်ပီယံ နယူးကာဆယ်အသင်းနှင့် စပါးအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေကြောင်း သိရသည်။

နယူးကာဆယ် အသင်းသည် တတိယအဆင့်တွင် အင်္ဂလန်လိဂ်ဝမ်းကလပ် ဘရက်ဖို့ဒ်အသင်းနှင့် တွေ့ဆုံခဲ့ရာ ဂျိုလင်တန်၊ အိုဆူလာတို့၏ သွင်းဂိုးများဖြင့် နိုင်ပွဲရရှိခဲ့ပြီး စပါးအသင်းက လိဂ်ဝမ်းကလပ် ဒွန်ကက်စတာအသင်းနှင့် တွေ့ဆုံရာတွင် သုံးဂိုး ဂိုးမရှိဖြင့် နိုင်ပွဲရခဲ့သဖြင့် စတုတ္ထအဆင့်တွင် နယူးကာဆယ်အသင်းနှင့် ထိပ်တိုက်တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

စတုတ္ထအဆင့် မဲခွဲမှုများအပြီးတွင် ပေါ့ဗေလီအသင်းကို နှစ်ဂိုးပြတ်အနိုင်ရခဲ့သည့် အာဆင်နယ်အသင်းက ဘရိုက်တန်အသင်းနှင့်လည်းကောင်း၊ ဂရင်းစ်ဘိုင်အသင်းက ဘရန့်ဖို့ဒ်အသင်းနှင့်လည်းကောင်း၊ မန်စီးတီးအသင်းက ဆွမ်ဆီးအသင်းနှင့် လည်းကောင်း၊ ဝီဟမ်းအသင်းက ကာဒစ်အသင်းနှင့်လည်းကောင်း၊ လီဗာပူးအသင်းက ပဲလေ့စ်အသင်းနှင့်လည်းကောင်း၊ ချဲလ်ဆီးအသင်းက ဝုဗ်အသင်းနှင့် လည်းကောင်း၊ ဖူလ်ဟမ်အသင်းက ဝိုင်ကွမ်ဘီအသင်းနှင့် လည်းကောင်း ထိပ်တိုက် တွေ့ဆုံနေကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ စတုတ္ထအဆင့် ပွဲစဉ်များကို လာမည့်အောက်တိုဘာ ၂၇ ရက်တွင် ပြန်လည် ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

Ref : SI

Trs : ML

# ယခုနှစ်ဘောလုံးရာသီ ပြိုင်ပွဲစုံတွင် ရှုံးပွဲမရှိရလဒ် ရယူပေးခဲ့သည့် နည်းပြအာနီစလော့ကို စာချုပ်သက်တမ်းတိုးရန် လီဗာပူးအသင်း ဆွေးနွေး

**လန်ဒန် စက်တင်ဘာ ၂၅**

လီဗာပူးအသင်းသည် ယခုနှစ် ဘောလုံးရာသီ ပြိုင်ပွဲစုံတွင် ရှုံးပွဲမရှိရလဒ် ရယူပေးထားသည့် နည်းပြ အာနီစလော့ကို စာချုပ်သက်တမ်းတိုးရန် ဆွေးနွေးနေကြောင်း သိရသည်။

လီဗာပူးအသင်း တာဝန်ရှိသူများအနေဖြင့် နည်းပြအာနီစလော့အပြင် အသင်းတွင် ခြေစွမ်းပြကစားနေသည့် တိုက်စစ်မှူး ဂတ်ပိုကို သက်တမ်းတိုးနိုင်ပြီးနောက် ကွင်းလယ်ကစားသမား ဂရာဗန်ဘာ့ချ်ကိုလည်း လာမည့်ဆောင်းရာသီတွင် သက်တမ်းတိုးသွားမည်ဖြစ်သည်။

အစောပိုင်းက အဓိက ကစားသမားများဖြစ်သည့် ဗန်ဒိုက်နှင့် ဆာလာဟ်တို့ကို စာချုပ်သက်တမ်း မကုန်ဆုံးမီ သက်တမ်းတိုးရန် ကြိုးပမ်းခဲ့သော်လည်း ဆွေးနွေးမှု မအောင်မြင်ခဲ့သဖြင့် ၎င်းတို့နေရာတွင် အစားထိုးမည့်ကစားသမား ရှာဖွေလျက်ရှိပြီး နည်းပြစလော့နှင့် ခြေစွမ်းပြကစားသမားများကိုလည်း သက်တမ်းတိုးရန် ဆက်လက် ကြိုးပမ်းနေခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် လာမည့် စနေနေ့တွင် အမှတ်ပေးပွဲအဖြစ် ရှုံးပွဲမရှိသေးသည့် ပဲလေ့စ်အသင်းနှင့် ကစားရမည်ဖြစ်ကာ ကြားရက်တွင် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ဂါလာတာစာရေးအသင်းနှင့်ပွဲစဉ်ပြီးပါက ချဲလ်ဆီးအသင်းကို အဝေးကွင်းတွင် သွားရောက်ကစားရမည် ဖြစ်ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# ဘိုင်ယန်မြူးနစ်အသင်းက တိုက်စစ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် အိုလီဆီကို သက်တမ်းတိုးရန်စီစဉ်

**မြူးနစ် စက်တင်ဘာ ၂၅**

ဘိုင်ယန်မြူးနစ် အသင်းသည် တိုက်စစ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် အိုလီဆီကို ချီးမြှောက်လိုသည့်အတွက် စာချုပ်သက်တမ်းတိုးရန်စီစဉ်နေကြောင်း သိရသည်။

အသင်းအနေဖြင့် အိုလီဆီကို ၂၀၂၄ ခုနှစ်နွေရာသီက ပဲလေ့စ်အသင်းမှ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၅၃ သန်းဖြင့် ခေါ်ယူ၍ ၂၀၂၉ ခုနှစ်ထိ စာချုပ်ချုပ်ဆိုထားသော်လည်း ကစားသမားအနေဖြင့် တိုက်စစ်ပိုင်းတွင် ပုံစံကောင်း ပြသနေသည့်အတွက် အသင်းတာဝန်ရှိသူများက ခြေစွမ်းပိုင်းကို ချီးမြှောက်လိုသောကြောင့် စာချုပ်သက်တမ်းတိုးရန် ဆုံးဖြတ်ခဲ့သည်။



ဘိုင်ယန်မြူးနစ် အသင်းသည် ကစားသမားကို ခေါ်ယူစဉ်က ၂၀၂၆ ခုနှစ်တွင် စာချုပ်ဖျက်သိမ်းကြေးဖြင့် ပြောင်းရွှေ့ခွင့်ပါရှိနေသဖြင့် ၎င်းကိုခေါ်ယူရန် စိတ်ဝင်စားနေသည့် လီဗာပူးအသင်းနှင့် မန်စီးတီးအသင်းတို့၏ ကမ်းလှမ်းမှုကို ကာကွယ်ရန် ကြိုးပမ်းလျက်ရှိသည်။

တောင်ပံတိုက်စစ်ကစားသမား အိုလီဆီသည် ပြိုင်ပွဲစုံ ၆၂ ပွဲ ပါဝင်ခဲ့ရာတွင် သွင်းဂိုး ၂၄ ဂိုးနှင့် ဂိုးဖန်တီးမှု ၂၆ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့ပြီး ယခုရာသီတွင်လည်းပြိုင်ပွဲစုံ ၁၂ ပွဲတွင်သွင်းဂိုး ခုနစ်ဂိုးနှင့် ဂိုးဖန်တီးမှု သုံးကြိမ် ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# ၂၀၃၀ ပြည့်နှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အသင်း ၆၄ သင်းထိ တိုးချဲ့ကျင်းပနိုင်ရေး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ) စတင်ဆွေးနွေး



**နယူးယောက် စက်တင်ဘာ ၂၅**

၂၀၃၀ ပြည့်နှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကို အသင်း ၆၄ သင်းထိ တိုးချဲ့ကျင်းပနိုင်ရေး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က စတင် ဆွေးနွေးနေပြီဖြစ်ကြောင်း သိရသည်။

ဖီဖာအနေဖြင့် အဆိုပါဆွေးနွေးပွဲကို အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ဖီဖာဥက္ကဋ္ဌ အင်ဖန်တီနိုနှင့်အတူ တောင်အမေရိကဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ အလက်ဂျန်ဂရိုဒိုမင်ဂွက်ဇ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့၊ ဥရုဂွေးနှင့် ပါရာဂွေး နိုင်ငံတို့မှ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ယင်းဆွေးနွေးပွဲတွင် ဖီဖာ အနေဖြင့် ၂၀၃၀ ပြည့်နှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အသင်း ၆၄ သင်းဖြင့် တိုးချဲ့ကျင်းပနိုင်ရေး အပါအဝင် ၁၉၃၀ ပြည့်နှစ်မှ စတင် ကျင်းပခဲ့သည့် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၏ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်အဖြစ် ခမ်းနား ထည်ဝါစွာ ကျင်းပနိုင်ရေးတို့ကိုပါ ဆွေးနွေးခဲ့ကြသည်။

၂၀၃၀ ပြည့်နှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကို စပိန်၊ ပေါ်တူဂီ၊ မော်ရိုကို၊ အာဂျင်တီးနား၊ ဥရုဂွေး၊ ပါရာဂွေးနိုင်ငံတို့က ပူးတွဲကျင်းပ သွားမည်ဖြစ်ကာ တောင်အမေရိက နိုင်ငံများဖြစ်သည့် အာဂျင်တီးနား၊ ပါရာဂွေးနှင့် ဥရုဂွေးနိုင်ငံတို့တွင် အဖွင့်ပွဲစဉ်တစ်ပွဲစီသာ ကျင်းပ သွားမည်ဖြစ်သည်။

ဖီဖာအနေဖြင့် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကို ၁၉၈၂ ခုနှစ် တွင် ၁၆ သင်း၊ ၁၉၉၈ ခုနှစ်တွင် ၂၄ သင်းနှင့် လာမည့် ၂၀၂၆ ခုနှစ် တွင် ၄၈ သင်းဖြင့် တဖြည်းဖြည်း တိုးချဲ့ကျင်းပလာခဲ့ခြင်း ဖြစ်ကာ ၂၀၃၀ ပြည့်နှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ တွင် အသင်း ၆၄ သင်းထိ တိုးချဲ့ ကျင်းပနိုင်ခဲ့မည်ဆိုပါက ဖီဖာအဖွဲ့ ဝင်နိုင်ငံ ၂၁၁ နိုင်ငံမှ နိုင်ငံပေါင်း ၇၀ ခန့် ပါဝင်ယှဉ်ပြိုင်ကစားနိုင် မည်ဖြစ်သည်။

သို့သော် ဖီဖာ၏ အသင်းတိုးချဲ့ မည့်အစီအစဉ်ကို ဥရောပဘောလုံး အဖွဲ့ချုပ်(ယူအီးအက်ဖ်အေ)ဥက္ကဋ္ဌ ဆီဖာရင်နှင့် မြောက်အမေရိက ဘောလုံးအဖွဲ့ချုပ်(ကွန်ကာကပ်ဖ်) ဥက္ကဋ္ဌ ဗစ်တာမွန်တာလီယာနီ တို့က ကန့်ကွက်ထားကြောင်း သိရသည်။

**Ref : Goal.com**

**Trs : Zay Hein**

# မန်စီးတီးအသင်းက ရိုဒရီ၏နေရာတွင် အစားထိုးရန်အတွက် ပက်ဗလိုဗစ်နှင့် ဂျာအိုနီဗက်တို့ကို ပစ်မှတ်ထား

**မန်ချက်စတာ စက်တင်ဘာ ၂၅**

မန်စီးတီးအသင်းက အသင်းမှ ကွင်းလယ်ကစားသမား ရိုဒရီ၏ နေရာတွင် အစားထိုးရန်အတွက် လူငယ်ကစားသမားများ ဖြစ်သည့် ဘိုင်ယန်မြူးနစ်အသင်းမှ ပက်ဗလို ဗစ်နှင့် ပီအက်စ်ဂျီအသင်းမှ ဂျာအိုနီဗက်တို့ကို ခေါ်ယူရန် ပစ်မှတ်ထားနေသည်။

ရိုဒရီသည် အစောပိုင်းနှစ်များက မန်စီးတီး အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီး အဓိက ကစားသမားတစ်ဦးအဖြစ် ပါဝင်ခဲ့ကာ ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် ကကမ္ဘာ့အကောင်းဆုံးကစားသမား ဆုကိုပင် ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

သို့သော် ရိုဒရီသည် ဒူးအရွတ် ဒဏ်ရာခွဲစိတ်ကုသမှု လုပ်ဆောင် ခဲ့ပြီးနောက် မကြာခဏဒဏ်ရာ ကြောင့်အနားယူနေရသည့်အတွက် မန်စီးတီးအသင်းက ရိုဒရီကို ရောင်းချပြီးငင်း၏နေရာတွင် လူငယ် ထိပ်တန်းကစားသမားတစ်ဦးနှင့် အစားထိုးလိုနေခြင်းဖြစ်သည်။

ပက်ဗလိုဗစ်သည် ဘိုင်ယန် မြူးနစ်အသင်းနှင့်အတူ အကောင်း ဆုံး ခြေစွမ်းပြသလျက်ရှိနေသူ ဖြစ်ပြီး ဂျာအိုနီဗက်သည်လည်း ပြီးခဲ့သည့်ရာသီက ပီအက်စ်ဂျီ အသင်း ချန်ပီယံလိဂ်ဖလား အပါအဝင် အဓိကဆုဖလားသုံးလုံး ဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိက ကစား သမားတစ်ဦးအဖြစ် ပါဝင်ခဲ့ပြီး ထိပ်တန်းကွင်းလယ်ကစားသမား တစ်ဦးဖြစ်သည့်အတွက် မန်စီးတီး အသင်းက ရိုဒရီ၏နေရာတွင် ၎င်းတို့နှစ်ဦးမှ တစ်ဦးနှင့်အစားထိုး ရန်ပြင်ဆင်နေကြောင်း သိရသည်။

**Ref : Fabrizio Romano**

**Trs : STA**

# မြို့တော်ကောင်စီ၏ခွင့်ပြုချက်မရသေးသည့်အတွက် ဆိုစီဒက်အသင်းနှင့်ပွဲစဉ်တွင် ဘာစီလိုနာအသင်းအနေဖြင့် နူးကမ့်အားကစားကွင်းကို အသုံးပြုနိုင်မည်မဟုတ်

**ဘာစီလိုနာ စက်တင်ဘာ ၂၅**

ဘာစီလိုနာအသင်းက လာမည့် ဆိုစီဒက်အသင်းနှင့် ပွဲစဉ်ကို အိမ်ကွင်းသစ် နူးကမ့်အားကစား ကွင်းတွင် ကျင်းပရန် စီစဉ်ထား သော်လည်း ဘာစီလိုနာ မြို့တော် ကောင်စီ၏ ခွင့်ပြုချက်မရရှိသေး သည့်အတွက် အသုံးပြုနိုင်မည် မဟုတ်သေးဘဲ ထပ်မံစောင့်ဆိုင်း သွားရမည်ဖြစ်ကြောင်း သိရသည်။



ဘာစီလိုနာ အသင်းသည် အစောပိုင်းက ဆိုစီဒက်အသင်း နှင့်ပွဲစဉ်အမီ နူးကမ့်အားကစား ကွင်းတွင် ကျင်းပခွင့်ရရှိရေး ပါမစ် အတွက် မြို့တော်ကောင်စီထံ လျှောက်ထားသော်လည်း မြို့တော် ကောင်စီက ကွင်းသစ်ကိုကျင်းပ ရန် စိတ်ချရခြင်းမရှိသေးသည့် အကြောင်းပြချက်ဖြင့်ငြင်းပယ်ထား သောကြောင့် နူးကမ့်အားကစား ကွင်းကို အသုံးပြုခွင့်ရရှိရေး အတွက် ထပ်မံစောင့်ဆိုင်းသွား ရမည်ဖြစ်သည်။

ဘာစီလိုနာအသင်းက ရာသီ အစပိုင်းက အိမ်ကွင်းသစ် နူးကမ့် အားကစားကွင်း အသစ်တည် ဆောက်မှု မပြီးစီးသေးသည့် အတွက် အိမ်ကွင်းအဖြစ်ကစား ရမည့်ပွဲစဉ်များဖြစ်သည့် ဗလင် စီယာအသင်းနှင့် ဂီတာဖေးအသင်း တို့ပွဲစဉ်ကို ဂျိုဟန်ခရိုက်အားကစား ကွင်းတွင် ကစားခဲ့ရသည့်အပြင် နယူးကာဆယ်အသင်းနှင့် အိမ်ကွင်း ပွဲစဉ်ကိုလည်း အိုလံပစ်အားကစား ကွင်းတွင် လက်ခံကစားသွားရမည် ဖြစ်သည်။

ဘာစီလိုနာ အသင်းသည် အိမ်ကွင်းနူးကမ့်အားကစားကွင်းကို ပြီးခဲ့သည့် ၂၀၂၃ခုနှစ်က ဖြိုချကာ အသစ်ဆောက်လုပ်နေပြီး ပရိသတ် ဦးရေ ၁၀၅၀၀၀ ဝင်ဆံ့နိုင်မည် ဖြစ်ကာ ကမ္ဘာပေါ်တွင် အကြီးမား ဆုံးအားကစားကွင်း ဖြစ်လာမည် ဖြစ်သည်။

ဘာစီလိုနာအသင်း အိမ်ကွင်း သစ်သည် ပရိသတ်ဦးရေ ၁၀၅၀၀၀ ထိ ဝင်ဆံ့နိုင်မည်ဖြစ်သော် လည်း စတင်အသုံးပြုချိန်တွင် ပရိသတ်ဦးရေ ၂၇၀၀၀ ဖြင့်သာ စတင် စမ်းသပ်အသုံးပြုမည် ဖြစ်သည်။

ဘာစီလိုနာမြို့တော် ကောင်စီ က နူးကမ့်အားကစားကွင်းကို အလုံးစုံစိတ်ချရသည့်အချိန်မှသာ အသုံးပြုခွင့် ပေးသွားမည်ဟု ထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : Fotmob**

**Trs : STA**

# WBC ဟဲဗီးဝိတ်တန်း ယာယီကမ္ဘာ့ချန်ပီယံအား ဂျာမနီနိုင်ငံတွင် ပထမဆုံးအကြိမ် ထိုးသတ်ကာကွယ်သွားမည်ဟု ကာဘာယယ် အတည်ပြု

**ဘာလင် စက်တင်ဘာ ၂၅**

ဂျာမနီလက်ဝှေ့သမား ကာဘာ ယယ်သည် ယခုနှစ်ဖေဖော်ဝါရီ တွင် ဆော်ဒီအာရေဗျနိုင်ငံ၌ တရုတ် လက်ဝှေ့သမား ကျီလီကျန်းနှင့် ထိုးသတ်ခဲ့ရာတွင် အလဲထိုးရလဒ် ဖြင့်အနိုင်ရရှိပြီး WBCဟဲဗီးဝိတ်တန်း ယာယီကမ္ဘာ့ချန်ပီယံ ဖြစ်လာ ခဲ့သည်။

ကာဘာယယ်သည် WBC ဟဲဗီးဝိတ်တန်း ယာယီကမ္ဘာ့ ချန်ပီယံအား ပထမဆုံးအကြိမ် ကာကွယ်သွားမည်ဖြစ်ပြီး ဂျာမနီ နိုင်ငံတွင် ပထမဆုံးအကြိမ် ထိုးသတ်သွားမည်ဖြစ်ကာ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ထိုးသတ်သွားရန်လည်း တရားဝင် ရက် သတ်မှတ်လိုက်ပြီဖြစ်ကြောင်း ကာဘာယယ်က ယနေ့တွင် ပြောကြားခဲ့သည်။

ကစားသမားဘဝ သက်တမ်း တစ်လျှောက် ဂျာမနီနိုင်ငံတွင် ပထမဆုံးအကြိမ် ထိုးသတ်ခွင့် ရမည့် အခွင့်အရေးအတွက်လည်း ဝမ်းသာကြောင်း ကာဘာယယ်က ပြောကြားခဲ့ပြီး ထိုးသတ်သွားမည့် နေရာနှင့် အချိန်အား သတ်မှတ်ပြီး ဖြစ်သော်လည်း ပြိုင်ဘက်အား ရွေးချယ်ရခြင်း မရှိသေးကြောင်း သိရသည်။

ကာဘာယယ်အား စိန်ခေါ် ထိုးသတ်ခွင့်ရှိသည့်လက်ဝှေ့သမား ၁၀ ဦးထိရှိနေပြီး ကာဘာယယ်က စိန်ခေါ်လာသူများအနက်မှ ၎င်း အတွက် ကြီးမားသည့် စိန်ခေါ်မှု မျိုးပေးနိုင်မည့် ပြိုင်ဘက်အား ရွေးချယ်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကာဘာယယ်အနေဖြင့် ဟဲဗီး ဝိတ်တန်း၏ ပြိုင်ဘက်ကင်း ချန်ပီယံအူဆက်ခ်နှင့် ထိုးသတ် သွားရန်ဆန္ဒရှိနေပြီး WBC ဟဲဗီး ဝိတ်တန်း၏ ကမ္ဘာ့ချန်ပီယံဖြစ် သည့် အူဆက်ခ်က ၎င်းစိတ်ကြိုက် ပြိုင်ဘက်ကိုသာ ရွေးချယ်သွား မည်ဖြစ်ကြောင်း ထုတ်ပြန် ကြေညာထားသည်။

ကာဘာယယ်အနေဖြင့်လည်း အူဆက်ခ်အား စိန်ခေါ်ထိုးသတ်ရန် အတွက် လယ်ဗယ်ကွာဟချက်များ ရှိနေပြီး အူဆက်ခ်ဘက်က လိုလို လားလား စိန်ခေါ်လာမှသာ ထိုးသတ်ခွင့်ရနိုင်သည်။

ကာဘာယယ်အနေဖြင့် မည်သို့ သော ပြိုင်ဘက်မျိုးကိုမဆို လက်ခံ ထိုးသတ်သွားမည်ဖြစ်ပြီး ၎င်း အတွက် ဂျာမနီမြေတွင် ပထမဆုံး အကြိမ်ထိုးသတ်မည့်ပွဲစဉ်အတွက် အကောင်းဆုံး ပြင်ဆင်ထားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**Ref : DAZN**

**Trs : AZL**




# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၈)တွင် ISPEအသင်းနှင့် ရောဝတီအသင်းတို့ နိုင်ပွဲရရှိ

**ရန်ကုန် စက်တင်ဘာ ၂၅**

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ် (၈)ပွဲစဉ်များကို ယနေ့ညနေ ပိုင်းက ရန်ကုန်မြို့တွင် ကျင်းပ ခဲ့ရာ ISPEအသင်းနှင့် ရောဝတီ အသင်းတို့ နိုင်ပွဲရရှိခဲ့ကြောင်း သိရသည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ် (၈)ပွဲစဉ်များအဖြစ် ယနေ့ ညနေ ၃နာရီခွဲက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် ISPE အသင်း နှင့် Young Lionesses အသင်းတို့ ကစားခဲ့ရာISPEအသင်းက ခုနစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ISPE အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ခြောက်မိနစ်တွင် သန်းသန်း နွယ်၊ ၁၇ မိနစ်တွင် လင်းမြင့်မိုရ်၊ ၁၈ မိနစ်တွင် ဆုပြည့်ပြည့်ကျော်၊ ၃၃မိနစ်တွင် Young Lionesses အသင်းမှ ပင်မြင့်ယံက OGသွင်းဂိုး၊ ၆၆မိနစ်နှင့် ၆၈မိနစ်တွင် ရွှေရည် ထွန်း၊ ၇၈မိနစ်တွင် ယဉ်လွန်းအိန် တို့က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက ပဒုမ္မာအားကစားကွင်းတွင် မြဝတီ အသင်းနှင့် ရောဝတီအသင်းတို့ ကစားခဲ့ရာ ရောဝတီအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရောဝတီအသင်းအတွက် သွင်းဂိုး များကို ပွဲချိန် ၂၃မိနစ်တွင် စန်းသော် သော်၊ ၇၉မိနစ်တွင် နန့်ရှင်းသန့် ဖြူစင်ပြုံးတို့က သွင်းယူပေး နိုင်ခဲ့ကြောင်း သိရသည်။

**STA**

# နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့

**မောင်သောင်းဝင်း(တမန်ဟောင်း)**

မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသများဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့သည် မိုးနည်းသောဒေသများဖြစ်ပြီး အပူဒဏ်ကိုအများဆုံး ထိတွေ့ခံစားနေရသည့်အပြင် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ၊ မိုးခေါင်ရေရှားမှုနှင့် ပြင်းထန်သည့်အပူချိန်မြင့်တက်မှုများကို အဓိကရင်ဆိုင်ကြုံတွေ့နေရသည့်ဒေသများလည်းဖြစ်သည်။ ထိုသို့ ရာသီဥတုပြောင်းလဲမှုနှင့်မိုးခေါင်ရေရှားမှုတို့ကို သစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ သဘာဝတောများထိန်းသိမ်းခြင်း၊ လေကာတန်းများစိုက်ပျိုးခြင်း၊ ရေရှည်တည်တံ့သော စိုက်ပျိုးနည်းစနစ်များကျင့်သုံးခြင်း၊ ရေအရင်းအမြစ်များစနစ်တကျစီမံခြင်း စသည့်နည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်သွားရန်လိုအပ်သည်။

**စိမ်းလန်းစိုပြည်ရေး**

မြန်မာနိုင်ငံ အညာဒေသ ၁၃ ခရိုင်သည် ပူပြင်းသော ရာသီဥတုရှိသည့် ဒေသများဖြစ်ပြီး နှစ်စဉ်နှစ်တိုင်း ရာသီဥတုပူပြင်းမှုဒဏ်ကို ခံစားကြရသည်။ အထူးသဖြင့် ၂၀၂၄ ခုနှစ်တွင် ပုဂံ၊ ချောက်၊ ရေနံချောင်း၊ မင်းဘူး ဒေသများသည် အပူဆုံးဒေသဖြစ်ခဲ့သည်။ ထို့ကြောင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် အပူပိုင်းဒေသ ၁၃ ခရိုင်အတွင်းရှိ မြို့နယ် ၂၉ မြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်များကို ပြုလုပ်ခဲ့သည်။ ထိုသို့ သစ်ပင်စိုက်ပျိုးခြင်းသည် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ကောင်းမွန်သည့် ဆောင်ရွက်ချက်ပင်ဖြစ်ပြီး ပတ်ဝန်းကျင်ကောင်းအောင် ဆောင်ရွက်ခြင်းပင်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် အပူပိုင်းဒေသ၏ဂေဟစနစ်ပိုမိုကောင်းမွန်လာစေရေး၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးနှင့် ရာသီဥတုမျှတကောင်းမွန်စေရေးတို့ကို စီမံချက်များဖြင့်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် သစ်တောရေိယာများ တိုးပွားလာစေရေး၊ ရေနှင့်မြေဆီလွှာ ထိန်းသိမ်းရေးအတွက် လမ်းဘေးဝဲယာတို့တွင် သစ်ပင်စိုက်ပျိုးခြင်း၊ တစ်ရွာလျှင် နှစ်ဧကဖြင့် ကျေးရွာ ထင်းစိုက်ခင်းများ တည်ထောင်ခြင်း အပါအဝင် ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် အရှိန်အဟုန်မြှင့်တင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

**သဘာဝဘေးအန္တရာယ်ကာကွယ်ရေး**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က "သဘာဝဘေးအန္တရာယ်များသည် တားဆီး၍မရသော်လည်း လူများ၏ကြိုတင်ကာကွယ်ဖန်တီးမှု၊ လုံ့လ၊ ဝီရိယထား ကြိုးပမ်းဆောင်ရွက်မှုများဖြင့် ထိုက်သင့်သလောက် အကာအကွယ်ပေးနိုင်ကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းကြောင့် အရိပ်အာဝါသများရရှိခြင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ခြင်းများ ဖြစ်ပေါ်ရရှိလာမည်ဖြစ်ကြောင်း၊ ယခုဒေသတွင် သစ်ပင်များစိုက်ပျိုး၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းလုပ်ငန်းများကိုပိုမိုဆောင်ရွက်သင့်ကြောင်း၊ "**သစ်တစ်ပင်ကောင်းပါက ငှက်တစ်သောင်းနားခိုနိုင်သည်**"ဟု ပြောကြားကြကြောင်း၊ ကျေးငှက်သာတကာများ လာရောက်နားခိုကြပြီး ၎င်းတို့သယ်ဆောင်လာသည့် သစ်စေ့များမှ သစ်ပင်များ ထပ်မံပေါက်ရောက်၍ သဘာဝပတ်ဝန်းကျင်ကို စိမ်းလန်းစိုပြည်စေကြောင်း" ဖြင့် ဩဂုတ် ၁၉ ရက်က ပြုလုပ်သည့် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေး ၂၀၂၅ ခုနှစ် နိုင်ငံတော်အဆင့် ဒုတိယအကြိမ် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲ၌ အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

**သစ်တောဖုံးလွှမ်းမှုလျော့နည်းလာ**

မြန်မာနိုင်ငံတွင် ၂၀၀၅ ခုနှစ်က သစ်တောဖုံးလွှမ်းမှုအနေဖြင့် ၄၉ ရာခိုင်နှုန်းရှိခဲ့ပြီး လက်ရှိအချိန်တွင် ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းသာရှိတော့သည့်အတွက် ခုနစ်ရာခိုင်နှုန်းခန့် လျော့နည်းသွားသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် သစ်တောဖုံးလွှမ်းမှုကို ၅၀ ရာခိုင်နှုန်းခန့် တိုးတက်လာစေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် လွန်ခဲ့သောနှစ်များအတွင်း ပျိုးပင်ပေါင်း ၁၆ ဒသမ ၂၇ သန်း စိုက်ပျိုးခဲ့ပြီးဖြစ်သည်။ လက်ရှိအချိန်တွင်လည်း အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးအတွက် ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်မှ ၂၀၂၉-၂၀၃၀ ဘဏ္ဍာနှစ်ထိ ငါးနှစ်စီမံကိန်းတွင် ပျိုးပင်များ ထပ်မံတိုးချဲ့စိုက်ပျိုးသွားရန် စီမံဆောင်ရွက်ထားရှိသည်။ ထို့ကြောင့် အဆိုပါစိုက်ပျိုးထားသည့်အပင်များ အောင်မြင်အောင် စိုက်ပျိုးဆောင်ရွက်သွားမည်ဆိုပါက ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ပြီး ရာသီဥတုဖောက်ပြန်မှုများကိုလည်း လျော့ပါးလာစေမည်ဖြစ်သည်။

> ❖ တိုင်းပြည်အတွင်း သစ်တောသယံဇာတ ပေါကြွယ်ဝမှုနှင့် နိုင်ငံ၏လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးသည် တိုက်ရိုက်ဆက်စပ်နေသည့်အတွက် သစ်တောဖုံးလွှမ်းမှုတိုးပွားလာသည်နှင့်အမျှ ဂေဟစနစ်ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာမည်ဖြစ်သည်။ ထို့ပြင် သစ်၊ ဝါး၊ ကြိမ် အစရှိသည့် သစ်တောထွက်ပစ္စည်းအမျိုးမျိုး ပိုမိုထုတ်လုပ်လာနိုင်ကာနိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။ အလားတူ သစ်ပင်ပန်းမန်များသည် ပတ်ဝန်းကျင်စိမ်းစိုသာယာလှပမှုအပြင် လူတိုင်း၏ရင်ကို အေးမြစေပြီး စိတ်လက်ပေါ့ပါးမှု၊ ပျော်ရွှင်ချမ်းမြေ့မှု၊ လန်းဆန်းတက်ကြွမှုနှင့် ပတ်ဝန်းကျင်ကောင်းကိုလည်း ဖန်တီးပေးနိုင်မည်ဖြစ်သည်။ ❖

**ဂေဟစနစ်ထိန်းသိမ်းရေး**

လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်း၌ လူဦးရေတိုးပွားလာခြင်းနှင့်အတူ သစ်တောပြုန်းတီးခြင်း၊ ပတ်ဝန်းကျင်ယိုယွင်းပျက်စီးခြင်းတို့ကြောင့် ဂေဟစနစ်များ ရေရှည်တည်တံ့ရေးအပေါ် ကြီးမားသည့်ခြိမ်းခြောက်မှုများ ဖြစ်ပေါ်လျက်ရှိသည်။ ထို့ကြောင့် ကမ္ဘာတစ်ဝန်း၌ရှိသည့် နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရများနှင့် ဒေသခံပြည်သူများ ပူးပေါင်းပြီး သဘာဝ ဂေဟစနစ်ထိန်းသိမ်းရေးဆိုင်ရာ မဟာဗျူဟာမျိုးစုံကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် သစ်တောကြိုးဝိုင်းများ၊ ကြိုးပြင်ကာကွယ်တောများ၊ သဘာဝထိန်းသိမ်းရေးနယ်မြေများကဲ့သို့သော ထိန်းသိမ်းကာကွယ်ရေးနယ်မြေများသတ်မှတ်ခြင်းကို အဓိကအလေးပေးဆောင်ရွက်လျက်ရှိသည်။

**ရင်းနှီးမြှုပ်နှံမှု**

သစ်ပင်များသည် ကမ္ဘာမြေကြီးနှင့် လူသားများအတွက် များပြားလှသည့် အကျိုးကျေးဇူးများကို ပေးစွမ်းလျက်ရှိသည်။ သစ်ပင်များရှိသည့် စိမ်းလန်းစိုပြည်နေသော ပတ်ဝန်းကျင်သည် စိတ်ဖိစီးမှုကို လျှော့ချပေးပြီး စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို တိုးတက်စေနိုင်သည်။ သစ်ပင်များနှင့်ပြည့်နေသော ပန်းခြံများ၊ လမ်းမများ၊ ကျေးလက်နှင့် မြို့ပြများသည် အရိပ်အာဝါသကောင်းသည့်အပြင် လမ်းလျှောက်ရန်နှင့် အပန်းဖြေရန်သင့်တော်သည်။ လူသားတို့သည် အေးချမ်းသာယာသည့်သဘာဝအလှနှင့် ထိတွေ့ခြင်းအားဖြင့် ကျန်းမာရေးဆိုင်ရာ ကောင်းကျိုးများဖြစ်ထွန်းစေသည်။ ထို့ကြောင့် သစ်ပင်စိုက်ပျိုးခြင်းနှင့်ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် လက်ရှိပစ္စုပ္ပန်နှင့်အနာဂတ်မျိုးဆက်သစ်များအတွက် များစွာအရေးပါလျက်ရှိပြီး အကျိုးကျေးဇူးကြီးမားစေသည့် သဘာဝရင်းနှီးမြှုပ်နှံမှုတစ်ခုပင်ဖြစ်သည်။

တိုင်းပြည်အတွင်း သစ်တောသယံဇာတ ပေါကြွယ်ဝမှုနှင့် နိုင်ငံ၏လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးသည် တိုက်ရိုက်ဆက်စပ်နေသည့်အတွက် သစ်တောဖုံးလွှမ်းမှု တိုးပွားလာသည်နှင့်အမျှ ဂေဟစနစ်ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာမည်ဖြစ်သည်။ ထို့ပြင် သစ်၊ ဝါး၊ ကြိမ် အစရှိသည့် သစ်တောထွက်ပစ္စည်းအမျိုးမျိုး ပိုမိုထုတ်လုပ်လာနိုင်ကာ နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။ အလားတူ သစ်ပင်ပန်းမန်များသည် ပတ်ဝန်းကျင်စိမ်းစိုသာယာလှပမှုအပြင် လူတိုင်း၏ရင်ကိုအေးမြစေပြီး စိတ်လက်ပေါ့ပါးမှု၊ ပျော်ရွှင်ချမ်းမြေ့မှု၊ လန်းဆန်းတက်ကြွမှုနှင့် ပတ်ဝန်းကျင်ကောင်းကိုလည်း ဖန်တီးပေးနိုင်မည်ဖြစ်သည်။

**ထာဝရကုသိုလ်**

စင်စစ်အားဖြင့် သစ်ပင်စိုက်ပျိုးခြင်းသည် ရိုးရှင်းလွယ်ကူသော သာမန်လုပ်ငန်းစဉ်တစ်ခုဖြစ်သော်လည်း ရေရှည်တွင်မူ ကြီးမားသည့်အကျိုးကျေးဇူးများကိုရရှိစေနိုင်သည်။ သစ်ပင်တစ်ပင် စိုက်ပျိုးခြင်းအားဖြင့် ထိုသစ်ပင်ကြီး ရှင်သန်ကြီးထွားနေသမျှကာလပတ်လုံး ရရှိလာသောအရိပ်အာဝါသ၊ သစ်သီးဝလံ၊ သန့်ရှင်းလတ်ဆတ်သည့်လေ၊ ရေနှင့် မြေဆီလွှာကိုထိန်းသိမ်းပေးနိုင်မှု စသည့်အကျိုးကျေးဇူးများသည် စိုက်ပျိုးခဲ့သည့်သူအတွက် ကုသိုလ်များအဖြစ် အလိုလိုရရှိနေမည်ဖြစ်သည်။ ထို့ကြောင့် အဆိုပါကုသိုလ်သည် တစ်ကြိမ်လုပ်ဆောင်ရုံဖြင့် နှစ်ပေါင်းများစွာ၊ မျိုးဆက်ပေါင်းများစွာထိ အကျိုးဆက်များစွာ ပေးစွမ်းနေမည်ဖြစ်သည်။ ထို့ပြင် သစ်ပင်စိုက်ပျိုးခြင်းသည် ဇရပ်၊ တန်ဆောင်း၊ ဂူ၊ ကျောင်း၊ ပြာသာဒ် ဆောက်လုပ်လှူဒါန်းခြင်းနှင့် အခြားထာဝရကုသိုလ်များကဲ့သို့ တူညီသည့် ကုသိုလ်ကိုရရှိခံစားနိုင်ပြီး အသက်ရှည်ကျန်းမာသည့် ကုသိုလ်အကျိုးထူးတို့ကိုလည်း ရရှိနိုင်မည်ဖြစ်သည့် ထာဝရကုသိုလ်ပင်ဖြစ်သည်။

**အမွေကောင်းများပေးအပ်**

အမှန်တော့ နိုင်ငံသူ၊ နိုင်ငံသား အားလုံးသည် မိမိတို့ဒေသ စိမ်းလန်းစိုပြည်စေရေး ဝိုင်းဝန်းဆောင်ရွက်သွားရန်လိုအပ်သည်။ သစ်ပင်များစိုက်ပျိုးရာတွင် တစ်ပင်စိုက်တစ်ပင်ရှင်ဖြစ်အောင် ဆောင်ရွက်သွားရန်လိုအပ်သည်။ သစ်ပင်များရှင်သန်ဖြစ်ထွန်းစေရေး စတင်စိုက်ပျိုးစဉ်ကပင် စနစ်တကျစိုက်ပျိုးရန်နှင့် သစ်တောသစ်ပင်များ ထိန်းသိမ်းကြသူများအနေဖြင့်လည်း သစ်ပင်များအမြစ်တွယ်ရှင်သန်စေရန်အတွက် စနစ်တကျ ဆောင်ရွက်သွားရန်လိုအပ်သည်။ လက်ရှိစိုက်ပျိုးခဲ့သည့်အကျိုးကို ပစ္စုပ္ပန်ကာလအပြင် အနာဂတ်မျိုးဆက်သစ်များလည်း ခံစားကြရမည်ဖြစ်သည်။ ထို့ကြောင့် သစ်ပင်စိုက်ပျိုးခြင်းသည် အနာဂတ်မျိုးဆက်သစ်များအတွက် အမွေကောင်းများ ပေးအပ်ခဲ့ခြင်းပင်ဖြစ်သည်။

စင်စစ်အားဖြင့် သစ်ပင်များသည် လူသားတို့ကို ဘေးအန္တရာယ်ဖြစ်စေနိုင်သော လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်၊ အနံ့သက်ဆိုးများ၊ အဆိပ်အတောက်ဓာတ်ငွေ့များ၊အမှုန်အမွှားများကို စုပ်ယူပြီး အောက်ဆီဂျင်ထုတ်လွှတ်ပေးကြသည်။ ထို့ပြင် ပင်စည်နှင့် အမြစ်များသည် မိုးရေကို စုပ်ယူထားသဖြင့် ပူပြင်းခြောက်သွေ့မှုဒဏ်ကိုလည်း ကာကွယ်ပေးနိုင်သည်။ အထူးသဖြင့် မိုးရေများကိုမြစ်ချောင်းများအတွင်းသို့ တိုက်ရိုက်စီးဆင်းစေခြင်းမရှိဘဲ ထိန်းသိမ်းထားနိုင်စွမ်းရှိသည်။

**နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့**

ရာသီဥတုမျှတစေရန်၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ပြီး ဂေဟစနစ်ကောင်းမွန်စေရန်၊ နောင်အနာဂတ်မျိုးဆက်သစ်များအတွက် စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်အမွေအနှစ်ကောင်းများ ပေးစွမ်းနိုင်စေရန်နှင့် သစ်ပင်သစ်တောများ၏ စစ်မှန်သည့်တန်ဖိုးကို သိရှိနားလည်ပြီး သစ်ပင်စိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများတွင် လူတိုင်းပူးပေါင်းပါဝင်လာစေရန်ရည်ရွယ်ကာ နှစ်စဉ်မိုးရာသီကာလများတွင် သစ်ပင်စိုက်ပျိုးပွဲတော်များကို အမျိုးသားရေးအသွင်ဖြင့် ကျင်းပပြုလုပ်လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံးအနေဖြင့် နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် များစွာအထောက်အကူဖြစ်စေမည့် သစ်တောသစ်ပင်များ ပိုမိုရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးသွားကြပါစို့ဟု အကြံပြုတိုက်တွန်းသွားလိုပါသည်။

**ကိုးကား**

- နေ့စဉ်ထုတ်သတင်းစာများ။



ဝတ္ထုတိုကလျာ

# ပန်းတစ်ပွင့် အလွမ်းတစ်ပွင့်

## မောင်ကြည်လင်(ရွှေကြိုးကြာ)

(၁)

နံနက်ခင်း နေခြည်အလင်းတန်းများ ဖြာကျလျက်ရှိ၏။ မိုးစက်တို့လွင့်ပြယ်၍ တိမ်ကင်းစင်နေသည်။ ပတ်ဝန်းကျင်တစ်ခွင်လုံး တောင်တန်းကြီးများ ဝန်းရံထားသည်မှာ လွမ်းစရာဖြစ်နေသည်။ နံနက်ခင်းသဘာဝအလှနှင့်အတူ တောင်တန်းများကို ကျွန်တော် ငေးမောနေမိသည်။ ငှက်ကလေးများကို ကြည့်ကာ ကျွန်တော်ပြုံးနေလိုက်မိပြန်သည်။

"ဆရာ့အတွက် မွေးနေ့ လက်ဆောင်"

ဆရာမ နော်နှင်းနွေးနွေးဝေက ပါဆယ်အထုပ်လေးကို ကျွန်တော့်လက်ထဲသို့ ဂရုတစိုက်ကမ်းပေးသည်။

"လက်ဆောင်တွေမလိုပါဘူး ဆရာမရယ်"

ဆရာမ နော်နှင်းနွေးနွေးဝေပေးသည့် ပါဆယ်ထုပ်လေးကို ဖြေကြည့်လိုက်မိသည်။ မျှော်လင့်မထားသောအရာမို့ ကျွန်တော့်၏ အာရုံက ဘဝတစ်ထောင့်တစ်နေရာဆီသို့ တိုက်ရိုက်ရောက်ရှိသွားလေသည်။

(၂)

"မိတ္ထီလာပညာရေးကောလိပ် သင်ထောက်ကူပြိုင်ပွဲ"

ခန်းမထဲတွင် ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများ ငြိမ်သက်နေ၏။

ကျွန်တော်က အဖွဲ့ခေါင်းဆောင်ဖြစ်သည်။ အဖွဲ့ဝင်များကို တာဝန်ခွဲဝေပေးနေစဉ်–

"ဝင်ခွင့်ပြုပါ ကြည်လင်"

အသံရှင်ကို ကျွန်တော် လှည့်ကြည့်လိုက်သည်။ မေရတီသော်။

မျက်ခုံးသွယ်သွယ်၊ အသားဖြူဖြူနှင့် အပြုံးလွှမ်းနေသည့်နှုတ်ခမ်းတစ်စုံက နှစ်လိုဖွယ်ကောင်းသည်။ အစိမ်းနှင့်အနက် ပေါင်းစပ်ထားသည့် အမွေးဖွားလွယ်အိတ်လေးလွယ်ထားသည်။

"ဝင်ခဲ့လေ မေရတီသော်"

"နောက်ကျသွားလို့ တောင်းပန်ပါတယ်နော် ကြည်လင်"

"ရပါတယ် မေရတီသော်၊ ပြိုင်ပွဲ မစသေးပါဘူး"

ထိုစဉ် ဆရာမ ဝင်လာသည်။ ပြိုင်ပွဲစည်းကမ်းများကို ရှင်းပြသည်။ သို့နှင့် ပြိုင်ပွဲစတင်ရန် အချက်ပေးခေါင်းလောင်းသံကို ကြားလိုက်ရလေ၏။

(၃)

တမာတန်းကလေးနှင့် မြေနီလမ်းကလေးက ပန်းသင့်နေလျက်ရှိ၏။

မိတ္ထီလာပညာရေးကောလိပ်အတွင်းရှိ မုန့်ဈေးတန်းက စည်ကားနေသည်။ မုန့်ဝယ်သူ၊ ထမင်းထုပ်ဝယ်သူ၊ အသုပ်၊ မုန့်ဟင်းခါးဝယ်သူ စသည်ဖြင့် ဝယ်နေကြသည်ကို ကျွန်တော်ငေးကြည့်နေလိုက်ပါသည်။

"ကြည်လင်"

"မေရတီသော်နဲ့ ဇင်နိုမြင့်"

"ဘာတွေငေးနေတာလဲ ကြည်လင်"

"ဘာရယ်မဟုတ်ပါဘူး။ ဇင်နိုမြင့်"

"လက်ထဲက ဘာလဲ ကြည်လင်"

"ဘာမှ မဟုတ်ပါဘူး"

ဇင်နိုမြင့်စကားကြောင့် ကျွန်တော့်လက်ကလေးကို နောက်ကျောဘက်သို့ ဝှက်လိုက်သည်။

"ဝှက်မနေနဲ့ ခရေပန်းတွေ မဟုတ်လား"

ဇင်နိုမြင့်စကားကြောင့် ကျွန်တော်ပြုံးနေမိသည်။

ခရေပန်းကုံးလေးများကို မေရတီ လက်ထဲသို့ ကျွန်တော်ကမ်းပေးလိုက်သည်။

"ဘက်လိုက်တာနော်။ ငါလဲပန်းပန်တတ်ပါတယ်"

"ဇင်နိုမြင့်ကလဲ ဒီမှာ ပန်းကုံးတွေအများကြီးနင့်အတွက်လဲ ပါတယ်လေ"

မေရတီသော်က ကျွန်တော့်ကို အားနာစွာဖြင့် ဝင်ပြောနေသည်။

"အမယ်လေး သိတယ် သိတယ်။ နင့်ကိုပန်စေချင်လို့ပေးတာ ပန်လိုက်။ ငါက ပန်းမပန်လဲ လှပြီးသား"

ဇင်နိုမြင့်၏နောက်ပြောင်ရယ်မောသံမှာ ကျွန်တော့်နှလုံးသားဆီ မထိုးဖောက်နိုင်ခဲ့ပေ။ ကျွန်တော့်နှလုံးသားသည် မနက်ဖြန်နံနက်တွင် ခရေပန်းများပန်ဆင်လာမည့် မေရတီသော်၏ ဆံကေသာဆီသို့ ခရီးနှင်နေလျက်ရှိနေခဲ့သည်။

(၄)

နှင်းစက်လေးများကြောင့် တမာပင်ကြီးလည်း စိုစွတ်နေသည်။ ကံ့ကော်ရွက်များပေါ်မှ စီးကျနေသည့် နှင်းစက်များက စည်းချက်ညီစွာကျနေသည်။

နံနက်ခင်းချိန်မို့ တမာတန်းကလေးမှာ နှင်းစက်တွေနှင့်အတူ စိမ်းစိုနေလျက်ရှိသည်။ တမာတန်းအောက်က ထိုင်နေကျခုံလေးတွင် ကျွန်တော်ထိုင်နေမိသည်။

"ကြည်လင်"

"ဟင် မေရတီ မနက်အစောကြီး"

"ကြည်လင်ရှိနေမယ်ဆိုတာသိလို့ ထွက်လာတာ။ ဒီနေ့ ကြည်လင်ရဲ့ မွေးနေ့မဟုတ်လား"

"ဟုတ်တယ်လေ မေရတီ"

"မွေးနေ့ လက်ဆောင်"

"အိုး မာဖလာလေး လှလိုက်တာ"

"ရတီ ကိုယ်တိုင် ထိုးထားတာ"

ထိုနေ့က မေရတီသော်သည် ကိုယ်တိုင်ထိုးထားသည့် အဝါနှင့်အညိုစပ်ထားသော မာဖလာလေးကို ကျွန်တော့်လည်ပင်းတွင် ပတ်ပေးခဲ့သည်။

သို့နှင့် ကျွန်တော်နှင့်မေရတီသော်သည် စွယ်တော်ရွက်ကလေးပမာရှိခဲ့ကြသည်။ တမာတန်းကလေးမှာလည်း အတူထိုင်ဖြစ်ခဲ့ကြသည်။ စိန်ပန်းပွင့်တွေအောက် လက်တွဲလျှောက်ခဲ့ကြသည်။ ခရေပန်းတွေအတူကောက်ခဲ့သည်။ သူ့အတွက် ခရေပန်းတွေသီပေးခဲ့သည်။ သူ့ဆံကေသာထက် ခရေပန်းတွေပန်ပေးခဲ့သည်။

တယ်လီဖုန်းမရှိကြသော ကျွန်တော်တို့နှစ်ဦးတွက်"မိတ္ထီလာစာတိုက်နှင့်ညောင်လေးပင်စာတိုက်"တို့က မြားနတ်မောင်ဖြစ်ခဲ့ကြသည်။ သူ့ဆီက စာရောက်လာတိုင်း ကျွန်တော်ကြည်နူးခဲ့ရသည်။ ကျွန်တော့်စာကိုဖတ်ရချိန်တိုင်း ရင်ခုန်ရကြောင်း သူ့ပြန်စာတွင် ထည့်ရေးခဲ့သည်။

နောက်ဆုံးနှစ်အောင်စာရင်းထွက်ချိန်တွင် သူက ပညာရေးတက္ကသိုလ်တက်ခွင့်ရခဲ့သည်။ ကျွန်တော်က ပညာရေးတက္ကသိုလ် ဝင်ခွင့်ကျခဲ့သည်။

ကျွန်တော်တို့ ကတိစကားတွေထားခဲ့ကြသည်။ တစ်ဦးနှင့်တစ်ဦး မေတ္တာမပျက်ခဲ့ကြပေ။

တာဝန်ကျရာဒေသသို့ ကျွန်တော်ခရီးဆက်ခဲ့သည်။ သူလည်း စစ်ကိုင်းပညာရေးတက္ကသိုလ် ဆက်လက်တက်ရောက်ခဲ့သည်။ သို့နှင့် ကရင်ပြည်နယ်တွင် တာဝန်ကျနေချိန် သူနှင့်ကျွန်တော် အဆက်အသွယ်ပြတ်တောက်သွားခဲ့ကြလေသည်။

"ဆရာ ဘာတွေများအတွေးလွန်နေလဲ။ နှင်းဝေကြည့်နေတာကြာပြီ။ နှင်းဝေပေးတဲ့ မာဖလာလေး မကြိုက်လို့လား"

"မဟုတ်ပါဘူး နှင်းဝေ ကြိုက်ပါတယ်။ သိပ်ကိုသဘောကျတယ်"

"ငယ်ရည်းစားကိုလွမ်းနေလို့လား။ ငြိမ်သွားတာ"

"မဟုတ်ပါဘူးဗျာ"

ဆရာမ နော်နှင်းနွေးနွေးဝေ စကားကြောင့် ကျွန်တော့်နှလုံးသားဝယ် လွမ်းငွေ့များက တရိပ်ရိပ်တိုးထွက်လာခဲ့ပြန်သည်။

(၅)

တရိပ်ရိပ်ပြေးနေသောကားလေးမှာ ဘားအံမြို့အဝင်သို့ ရောက်လာသည်။

"ဒီဂူက ဘုရင့်ညီနောင်ဂူ"

သူငယ်ချင်းဖြစ်သူ အေးအေးသင်းစကားကြောင့် ကားမှန်ပြတင်းမှတစ်ဆင့် လှမ်းကြည့်လိုက်မိသည်။

"ဘုရင့်ညီနောင်ဂူက ထုံးကျောက်ဂူအမျိုးအစားလား အေးသင်း"

"ဟုတ်တယ် မေရတီ။ ဂူအတွင်းမှာ ကျောက်စက်ပန်းဆွဲတွေက သဘာဝအတိုင်းဖြစ်ပေါ်နေတာ။ ဂူနံရံမှာလဲ ဘုရားရုပ်ပွားတော်တွေရှိတယ်။ သဘာဝကျောက်စက်ရေလဲ ထွက်တယ်"

"ရောက်ဖူးချင်သေးတယ်နော်"

"စိတ်ချပါ လိုက်ပို့မှာ"

"ဘုရင့်ညီနောင်ဂူမှာ ထူးဆန်းတာတစ်ခုက ရေပူစမ်းရှိနေတာပဲ"

"ဟုတ်လား"

"အမျိုးသားရေချိုးကန်နဲ့အမျိုးသမီးရေချိုးကန်ဆိုပြီး ခွဲခြားပေးထားတယ်"

"အေးအေးဆေးဆေး လာလည်ချင်သေးတယ် အေးသင်းရယ်"

"လာခဲ့ပါ။ ငါတစ်ယောက်လုံးရှိတယ်"

"ဟိုးက မြင်နေရတာ ဇွဲကပင်တောင်ကြီးလား"

"မဟုတ်ဘူး။ အဲဒါ ဖားပုတောင်လို့ခေါ်တယ်။ ဇွဲကပင်နဲ့ ပုံသဏ္ဌာန်ဆင်တူတယ်။ ရွှေရင်မျှော်ဘုရားကုန်းတော်ပေါ်ကနေ သံလွင်မြစ်ရဲ့အလှနဲ့ ဖားပုတောင်ရဲ့အလှကို ခံစားလို့ရတယ်။ သံလွင်မြစ်ပြင်ကြီးမှာ ဘားအံမြို့ရဲ့ ညနေဆည်းဆာအလှကလဲ ရင်သပ်ရှုမောဖွယ်ကောင်းတယ် မေရတီ"

သစ်ပင်စိမ်းစိမ်းများ ဝန်းရံထားသောကြောင့် ဖားပုတောင်ကြီးက အသွင်ဆန်းနေလျက်ရှိသည်။

"ကွီးလေးရွာက ဝေးသေးလား"

"အခုမှ ဘားအံရောက်တာလေ။ လှိုင်းဘွဲမြို့ကို တစ်နာရီလောက် စီးရမယ်။ လှိုင်းဘွဲက တစ်ဆင့် ကွီးလေးရွာကိုဆက်သွားရမယ်"

အေးအေးသင်း၏ စကားကို မေရတီသော် ခေါင်းညိတ်ပြလိုက်သည်။ ကားကလေးသည် ပုံမှန်အရှိန်ဖြင့် ရွေ့လျားနေသည်။

(၆)

ကွီးလေးရွာ၏ ညနေခင်းက သာယာနေသည်။ ကွီးလေးချောင်းရေပြင်ကို ကျွန်တော်ငေးကြည့်နေမိသည်။ ဆရာမနော်နှင်းနွေးနွေးဝေက ကျွန်တော့်ဘေးတွင် ထိုင်နေသည်။

"မိတ္ထီလာကဧည့်သည် ဆရာ့ကိုတွေ့ချင်လို့တဲ့"

ဆရာမ နော်စိုးနန္ဒာ စကားကြောင့် ကျွန်တော် အံ့သြသွားမိသည်။

"ဘယ်သူတွေလဲ မစိုး"

"မစိုးလဲ မသိဘူး။ အမျိုးသမီးနှစ်ယောက်ပဲဆရာ"

"ဒီကိုပဲ ခေါ်ခဲ့လိုက်နော် မစိုး"

ဆရာမနော်စိုးနန္ဒာ ပြန်လှည့်သွား၏။ မကြာမီ ကားအဖြူလေးတစ်စီး ကျွန်တော်တို့ထံ ရောက်ရှိလာလေသည်။

ကားပေါ်မှဆင်းလာသည့်အမျိုးသမီးကို တွေ့လိုက်ရချိန်တွင် ကျွန်တော်အမြင်မှားသလားဟုပင် ထင်မိသွား၏။

"အိုး ရတီ၊ မေရတီ"

ပြောင်းလဲခဲ့သောဘဝ၊ ကွဲကွာခဲ့သောအချိန်၊ ရင့်ညောင်းခဲ့သော အသက်အရွယ်တို့ကြောင့် လွတ်ထွက်သွားသော ကျွန်တော့်စိတ်ကို တည်ငြိမ်အောင် ပြုလုပ်လိုက်သည်။

"ကြည်လင် ညာတယ်။ ရတီဆီလာခဲ့မယ်ပြောပြီး ကြည်လင်ညာတယ်"

ကျွန်တော့်ကိုတွေ့သည်နှင့် စိတ်ထဲရှိသမျှကလေး ဆန်စွာပြောဆိုနေသည့် မေရတီသော်ကို ကျွန်တော် မနှစ်သိမ့်ပေးနိုင်ခဲ့ပေ။

စာမျက်နှာ ၂၅ သို့ ➤

# စနေနေ့ညကစားမဲ့ အမှတ်ပေးပွဲစဉ်တွေထဲက မန်စီးတီးအသင်း၊ ရီးရဲလ်မက်ဒရစ်အသင်း၊ ဂလာဘတ်အသင်းတို့ ရလဒ်ကောင်းမှာပါ

M L




လက်ရှိကာလမှာ ဥရောပအမှတ်ပေးပြိုင်ပွဲဝင်အသင်းတွေအနေနဲ့ ကြားရက်ပြိုင်ပွဲတွေမှာ အသီးသီး ပါဝင်ယှဉ်ပြိုင်ကစားနေရတာကြောင့် ထိပ်တန်းအသင်းကြီးတွေအတွက် ကစားသမားစုဖွဲ့မှု အသာရရှိနေပေမဲ့ သာမန်ကစားသမားအင်အားပိုင်းသာရှိနေတဲ့ အသင်းငယ်အချို့အတွက် ပွဲပန်းမှုနဲ့ ကစားသမားဒဏ်ရာရရှိမှုအပိုင်းကိုတော့ အထူးဂရုစိုက်လာရနိုင်ပါတယ်။ ဒါ့ပြင် ယခုတစ်ပတ်မှာ ဥရောပကလပ်အသင်းတွေအနေနဲ့ ပုံမှန်ပွဲစဉ်အတိုင်း ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး လက်ရှိအခြေအနေအရ အသင်းကြီးတွေနဲ့ အိမ်ရှင်အားသာချက်ရှိနေတဲ့အသင်းတွေသာ ရလဒ်ပိုင်းကောင်းမွန်တတ်တာကိုလဲ သတိပြုစောင့်ကြည့်ရအုံးမှာပါ။ ဒါ့ကြောင့် အခုတစ်ပတ်မှာ ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားမဲ့ မန်စီးတီးအသင်းနဲ့ ဘန်လေ၊ စပိန်လာလီဂါပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားမဲ့ အေတီကိုနဲ့ ရီးရဲလ်မက်ဒရစ်အသင်း၊ ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားမဲ့ ဂလာဘတ်နဲ့ ဖရန့်ဖတ်အသင်းတို့ရဲ့ပွဲစဉ်အပေါ် ရွေးချယ်သုံးသပ်ပေးလိုက်ရပါတယ်။

### မန်စီးတီးအသင်းပဲ အနိုင်ရမှာပါ

မန်စီးတီးအသင်းဟာ ပွဲစဉ်ငါးပွဲကစားပြီးချိန်မှာ နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံး၊ တစ်ပွဲသရေကျထားပြီး လက်ရှိအချိန်ခြေစွမ်းပိုင်းက တည်ငြိမ်မှုမရှိသေးဘူးလို့ ဆိုရမှာပါ။ တိုက်စစ်မှာ ဟာလန်းက ဂိုးတွေသွင်းယူနေပေမဲ့ ဂွါန်စတုံး၊ ဒိုင်ယက်တို့ ဦးဆောင်တဲ့ ခံစစ်ပိုင်းကတော့ ကစားပုံအနည်းငယ်ဆိုးရွားနေတာကို တွေ့ရပြီး ပရီးမီးယားလိဂ်ပွဲစဉ်နှစ်ပွဲမှာ စပါးအသင်းကို နှစ်ဂိုး ဂိုးမရှိ၊ ဘရိုက်တန်အသင်းကို နှစ်ဂိုးတစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ရပါတယ်။ ဒါပေမဲ့ နောက်ပိုင်းပွဲစဉ်တွေမှာ မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာဟာ ပီအက်စ်ဂျီ အသင်းဂိုးသမား ဒွန်နာရမ်မာကို ခေါ်ယူနိုင်ခဲ့သလို အသင်းရဲ့ကစားဟန်ကိုလဲ ခံစစ်ပိုင်းဦးစားပေးကစားခဲ့တာကြောင့် ချန်ပီယံလိဂ်အဖွင့်ပွဲစဉ်နဲ့ ခါရာဘောင်းဖလားပွဲစဉ်အပါအဝင် နောက်ဆုံးလေးပွဲဆက်တော့ ရှုံးနိမ့်ခဲ့ခြင်းမရှိပါဘူး။ ပရီးမီးယားလိဂ်နောက်ဆုံးနှစ်ပွဲမှာ မန်ယူအသင်းကို သုံးဂိုးပြတ်အနိုင်ရထားပြီး အာဆင်နယ်အသင်းကို အဝေးကွင်းမှာ တစ်ဂိုးစီသရေရယူထားနိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်မှာလဲ စီးရီးအေထိပ်သီးကလပ် နာပိုလီအသင်းကို နှစ်ဂိုးဂိုးမရှိနဲ့ အနိုင်ရထားကာ ခါရာဘောင်းဖလားပွဲစဉ်မှာလဲ ဟတ်ဒါဖီးလ်အသင်းကို နှစ်ဂိုးပြတ်နဲ့ နိုင်ပွဲရယူထားနိုင်တာကို ကြည့်ရင် နည်းပြ ဂွါဒီယိုလာအနေနဲ့ အသင်းရဲ့ခံစစ်ပိုင်းကို အကောင်းဆုံးပြင်ဆင်ထားနိုင်တယ်လိုဆိုရမှာပါ။

တန်းတက်ဘန်လေအသင်းကတော့ ရာသီကြိုပြင်ဆင်မှုအနေနဲ့ ကစားသမားစုဖွဲ့မှုနဲ့ ကစားသမားဖြည့်တင်းမှုတွေ အကောင်းဆုံးပြုလုပ်ထားနိုင်ခဲ့ပေမဲ့ သူတို့အသင်းရဲ့ရလဒ်ပိုင်းကတော့ ဆိုးရွားနေတာကို တွေ့ရပါတယ်။ ဘန်လေအသင်းဟာ ပရီးမီးယားလိဂ်ပွဲစဉ်ငါးပွဲကစားပြီးချိန်မှာ တစ်ပွဲသာအနိုင်ရထားပြီး တစ်ပွဲသရေသုံးပွဲရှုံးနိမ့်ထားပါတယ်။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ ခါရာဘောင်းဖလားပွဲစဉ်မှာလဲ လိဂ်ဝမ်းကလပ် ကာဒစ်အသင်းကို နှစ်ဂိုး တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပြီး ပြိုင်ပွဲက ထွက်ခွာခဲ့ရပြီဖြစ်ပါတယ်။ ဘန်လေအသင်းနည်းပြ စကော့ပါကားကလဲ အသင်းကို အကောင်းဆုံးပြင်ဆင်စုဖွဲ့မှုပြုလုပ်ခဲ့ပေမဲ့ ဖော်စတာ၊ အန်တိုနီတို့လို တိုက်စစ်ပိုင်းကစားသမားတွေ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိသလို ခံစစ်ပိုင်းကစားသမားတွေအနေနဲ့ကလဲ စွမ်းဆောင်ရည်ပိုင်းဆိုးရွားနေတာကို တွေ့ရပါတယ်။

ဒီနှစ်သင်းတွေ့ဆုံမှုတိုင်းမှာ မန်စီးတီးအသင်းက ပွဲစဉ်တိုင်းအသာရလေ့ရှိနေသလို မန်စီးတီးအသင်းရဲ့အိမ်ကွင်းနောက်ဆုံး ၁၀ ကြိမ်ထိ ယှဉ်ပြိုင်ကစားထားရာမှာလဲ ဘန်လေအသင်း ၁၀ ကြိမ်စလုံးကို ရှုံးနိမ့်ထားတာကို တွေ့ရပါတယ်။ ဒါ့ပြင် လက်ရှိခြေစွမ်းပိုင်းနဲ့ ကစားသမားစွမ်းဆောင်ရည်ပိုင်းမှာလဲ မန်စီးတီးအသင်းကို ဘန်လေအသင်းအသာရနိုင်ဖို့ ခက်ခဲနေအုံးမှာပါ။ ဒါ့ကြောင့် အခုပွဲစဉ်မှာ မန်စီးတီးအသင်းပဲ အနိုင်ရမှာပါ။

**မန်စီးတီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မန်စီးတီး | ၀ | - | ၂ | စပါး |
| ဘရိုက်တန် | ၂ | - | ၁ | မန်စီးတီး |
| မန်စီးတီး | ၃ | - | ၀ | မန်ယူ |
| မန်စီးတီး | ၂ | - | ၀ | နာပိုလီ |
| အာဆင်နယ် | ၁ | - | ၁ | မန်စီးတီး |

**ဘန်လေအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘန်လေ | ၂ | - | ၁ | ဒါဘီ |
| မန်ယူ | ၃ | - | ၂ | ဘန်လေ |
| ဘန်လေ | ၀ | - | ၁ | လီဗာပူးလ် |
| ဘန်လေ | ၁ | - | ၁ | နော့တင်ဟမ် |
| ဘန်လေ | ၁ | - | ၂ | ကာဒစ်ဖ် |

### ရီးရဲလ်မက်ဒရစ်အသင်းကို အားပေးရမှာပါ

အေတီကိုအသင်းနဲ့ ရီးရဲလ်မက်ဒရစ်အသင်းတို့ရဲ့ပွဲစဉ်ဟာ စပိန်လာလီဂါပွဲစဉ် (၇) အဖြစ် ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ လက်ရှိမှာ အေတီကိုအသင်းအနေနဲ့ ပွဲစဉ်ခြောက်ပွဲကစားပြီးချိန်မှာ နှစ်ပွဲနိုင်၊ သုံးပွဲသရေနဲ့ တစ်ပွဲရှုံးနိမ့်ထားပါတယ်။ နည်းပြ ဆီမွန်နီရဲ့ အေတီကိုအသင်းအနေနဲ့ လာလီဂါအဖွင့်ပွဲစဉ်မှာ အက်စ်ပန်ညိုအသင်းကို နှစ်ဂိုး တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပြီး ဘောလုံးရာသီအဖွင့်မလှခဲ့သလို နောက်ပိုင်းပွဲစဉ်တွေမှာလဲအယ်ချီအသင်းနဲ့ အလာဗက်စ်အသင်းတို့ကို တစ်ဂိုးစီသရေသာ ကစားနိုင်ခဲ့တာကြောင့် သူတို့အသင်းရဲ့ ခြေစွမ်းပိုင်းနဲ့ ကစားသမားစွမ်းဆောင်ရည်ပိုင်းကျဆင်းနေတယ်လို့ ပြောရမှာပါ။ ပြီးခဲ့တဲ့ ပွဲစဉ်မှာဆိုရင်လဲ မာယော့ကာအသင်းကို တစ်ဂိုးစီသရေရလဒ်သာကစားနိုင်ခဲ့ပေမဲ့ ကြားရက်ပွဲစဉ်မှာ ဗယ်ကာနိုအသင်းကို သုံးဂိုး နှစ်ဂိုးနဲ့ နိုင်ပွဲပြန်လည်ရယူထားနိုင်ခဲ့ပါတယ်။ ဗယ်ကာနိုအသင်းနဲ့ ပွဲစဉ်မှာဆိုရင် တိုက်စစ်မှူး အယ်ဗာရက်စ်ရဲ့ နောက်ကျသွင်းဂိုးတွေနဲ့အနိုင်ရယူထားနိုင်ခဲ့ပေမဲ့ နှစ်ဂိုးပြန်ပေးလိုက်ရတဲ့အေတီကိုအသင်းရဲ့ခံစစ်ပိုင်းကတော့ အားရစရာမရှိခဲ့ပါဘူး။ ဒါ့ကြောင့် သူတို့အသင်းအနေနဲ့ အခု ရီးရဲလ်မက်ဒရစ်အသင်းနဲ့ ပွဲစဉ်မှာ တိုက်စစ်ပိုင်းထက် ခံစစ်ပိုင်းကိုသာ ဦးစားပေးကစားလာရဖွယ်ရှိနေပါတယ်။

ရီးရဲလ်မက်ဒရစ်အသင်းကတော့ စပိန်လာလီဂါပွဲစဉ်ခြောက်ပွဲစလုံးအနိုင်ရထားတဲ့အပြင် ချန်ပီယံလိဂ်ပြိုင်ပွဲမှာလဲ မာဆေးအသင်းကို အနိုင်ကစားထားပြီး ရာနူန်းပြည့်နိုင်ပွဲဆက်နေဆဲ ဖြစ်ပါတယ်။ အဲဒီထဲကမှ ဆိုစီဒက်၊ အက်စ်ပန်ညို၊ လီဗန်တေးအသင်းတို့ကို ခြေစွမ်းပိုင်းမာကျောမှုရှိတဲ့အသင်းတွေကို အနိုင်ယူထားနိုင်တာကြောင့် လက်ရှိအသင်းရဲ့စွမ်းဆောင်ရည်က အကောင်းဆုံး ပုံစံမှာရှိနေပါတယ်။ နည်းပြအလွန်ဆိုရဲ့ ဘောလုံးရာသီအဖွင့်လှပခဲ့သလို သူ့ရဲ့တိုက်စစ်ဦးစားပေးနည်းစနစ်ကြောင့် ရီးရဲလ်မက်ဒရစ်အသင်း အခုလိုရလဒ်ကောင်းတွေပိုင်ဆိုင်ထားပြီး ပွဲစဉ်ခြောက်ပွဲကစားပြီးချိန်မှာ ပြိုင်ဘက်ဘာစီလိုနာအသင်းကို တစ်ပွဲပိုရမှတ် ၁၈ မှတ်နဲ့ အဆင့်(၁)နေရာမှာ ဦးဆောင်ထားနိုင်ခဲ့ပါတယ်။ တိုက်စစ်က အမ်ဘတ်ပေ၊ ဗင်နီစီးရှပ်စ်တို့လို လူငယ်ကစားသမားတွေအနေနဲ့လဲ အကောင်းဆုံးစွမ်းဆောင်ထားနိုင်ကာ လက်ရှိဘောလုံးရာသီမှာ ပြိုင်ပွဲစုံ ၁၀ ပွဲကစားထားပြီး ၁၀ ဂိုးသွင်းယူထားနိုင်တဲ့ အမ်ဘတ်ပေဦးဆောင်တဲ့ တိုက်စစ်ပိုင်းကိုတော့ အေတီကိုအသင်း ထိန်းချုပ်ကစားနိုင်ဖို့ ခက်ခဲနေအုံးမှာပါ။

ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံမှုငါးကြိမ်မှာ တစ်ကြိမ်စီအနိုင်ရထားပြီး သုံးပွဲသရေကျထားတာကို တွေ့ရပါတယ်။ ဒါပေမဲ့ လက်ရှိခြေစွမ်းပိုင်းနဲ့ အသင်းလိုက်စွမ်းဆောင်ရည်ပိုင်းကြောင့် အခုပွဲစဉ်မှာတော့ရီးရဲလ်မက်ဒရစ်အသင်းကို အားပေးရမှာပါ။

**အေတီကိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အေတီကို | ၁ | - | ၁ | အယ်ချီ |
| အလာဗက်စ် | ၁ | - | ၁ | အေတီကို |
| အေတီကို | ၂ | - | ၀ | ဗီလာရီးရဲလ် |
| လီဗာပူးလ် | ၃ | - | ၂ | အေတီကို |
| မာယော့ကာ | ၁ | - | ၁ | အေတီကို |

**ရီးရဲလ်မက်ဒရစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ရီးရဲလ်မက်ဒရစ် | ၂ | - | ၁ | မာယော့ကာ |
| ဆိုစီဒက် | ၁ | - | ၂ | ရီးရဲလ်မက်ဒရစ် |
| ရီးရဲလ်မက်ဒရစ် | ၂ | - | ၁ | မာဆေး |
| ရီးရဲလ်မက်ဒရစ် | ၂ | - | ၀ | အက်စ်ပန်ညို |
| လီဗန်တေး | ၁ | - | ၄ | ရီးရဲလ်မက်ဒရစ် |

### ဂလာဘတ်အသင်း ရလဒ်ကောင်းမှာပါ

ဂလာဘတ်နဲ့ ဖရန့်ဖတ်အသင်းတို့က ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ် (၅) အဖြစ် ယှဉ်ပြိုင်ကစားကြမှာပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီ တွေ့ဆုံမှုနှစ်ကျော့မှာ ဖရန့်ဖတ်အသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေကျထားတာကို တွေ့ရပါတယ်။ လက်ရှိအချိန်မှာတော့ ဂလာဘတ်အသင်းအနေနဲ့ ဘွန်ဒက်လီဂါပွဲစဉ်လေးပွဲကစားပြီးချိန်မှာ နိုင်ပွဲမရရှိသေးဘဲ နှစ်ပွဲသရေ နှစ်ပွဲရှုံးရလဒ်ရရှိထားပါတယ်။ သူတို့အသင်းပြီးခဲ့တဲ့ပွဲစဉ်မှာ လေဗာကူဆင်လိုအသင်းကို တစ်ဂိုးစီသရေရလဒ်ရရှိအောင် စွမ်းဆောင်ထားနိုင်ခဲ့ပေမဲ့ ပြီးခဲ့တဲ့ပွဲစဉ်တွေမှာဆိုရင် ဟမ်းဘတ်၊ ဝါဒါဘရီမင်လိုအသင်းမျိုးနဲ့ အိမ်ကွင်းပွဲစဉ်မှာ နိုင်ပွဲပျောက်ဆုံးခဲ့ရတာကို ကြည့်ရင်ခြေစွမ်းပိုင်းဆိုးရွားနေတယ်လို့ဆိုရမှာပါ။ ဒါ့ကြောင့် နည်းပြ ပိုလန်စကီးအနေနဲ့ အခုအိမ်ကွင်းပွဲစဉ်မှာ အသင်းကို အကောင်းဆုံး ပြင်ဆင်လာနိုင်ဖွယ်ရှိပါတယ်။

ဖရန့်ဖတ်အသင်းကတော့ ပွဲစဉ်လေးပွဲကစားပြီးချိန်မှာ နှစ်ပွဲနိုင် နှစ်ပွဲရှုံးရလဒ်ရရှိထားပြီး လက်ရှိခြေစွမ်းပိုင်းကတော့ တည်ငြိမ်မှုမရှိတာကို တွေ့ရပါတယ်။ ပြီးခဲ့တဲ့ပွဲစဉ်မှာဆိုရင် လေဗာကူဆင်အသင်းကို သုံးဂိုး တစ်ဂိုးနဲ့ ရှုံးနိမ့်ထားပြီး နောက်ဆုံးဘွန်ဒက်လီဂါပွဲစဉ်မှာဆိုရင် အိမ်ကွင်းမှာ ယူနီယံဘာလင်အသင်းကို သုံးဂိုး လေးဂိုးနဲ့ ရှုံးနိမ့်ထားပါတယ်။ ဒါ့ကြောင့် ဖရန့်ဖတ်အသင်းဟာ တိုက်စစ်ပိုင်းက ဂိုးတွေ သွင်းယူနေပေမဲ့ ဘရောင်း၊ ကို့ဟ်၊ ကောလင်းတို့ရဲ့ ခံစစ်ပိုင်းကတော့ စွမ်းဆောင်ရည်ဆိုးရွားမှုရှိနေတယ်လို့ ဆိုရမှာပါ။ ဒါ့ပြင် သူတို့အသင်းဟာ လက်ရှိအချိန်မှာ ချန်ပီယံလိဂ်ပွဲစဉ်ဆက်တိုက်ကစားနေရသလို လာမဲ့အောက်တိုဘာ ၁ ရက်မှာဆိုရင်လဲ အေတီကိုအသင်းကို ချန်ပီယံလိဂ်ပွဲစဉ်(၂)အဖြစ် အဝေးကွင်းမှာ သွားရောက်ကစားရအုံးမှာပါ။ ဒါ့ကြောင့် သူတို့အသင်းကစားသမားတွေအနေနဲ့ ပွဲပန်းမှုဒဏ်ခံလာရနိုင်တာကြောင့် ဘွန်ဒက်လီဂါပွဲစဉ်တွေမှာ ရလဒ်ကောင်းလာနိုင်ပါ့မလားဆိုတာ သတိပြုစောင့်ကြည့်ရမှာပါ။

ဒီနှစ်သင်းရဲ့ တွေ့ဆုံမှုတိုင်းမှာ အိမ်ရှင်အသင်းတွေကသာ ရလဒ်ကောင်းပိုင်ဆိုင်တတ်တာကို တွေ့ရတဲ့အပြင် လက်ရှိမှာ ဘွန်ဒက်လီဂါ ပထမဆုံးနိုင်ပွဲကို ရယူနိုင်ဖို့ အကောင်းဆုံးပြင်ဆင်လာမဲ့ ဂလာဘတ်အသင်းကိုပဲ ရလဒ်ကောင်းသွားမှာပါ။

**ဂလာဘတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂလာဘတ် | ၀ | - | ၀ | ဟမ်းဘတ် |
| စတုဂတ် | ၁ | - | ၀ | ဂလာဘတ် |
| ဂလာဘတ် | ၂ | - | ၀ | ရှော်လ်ကေး |
| ဂလာဘတ် | ၀ | - | ၄ | ဝါဒါဘရီမင် |
| လေဗာကူဆင် | ၁ | - | ၁ | ဂလာဘတ် |

**ဖရန့်ဖတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဖရန့်ဖတ် | ၄ | - | ၁ | ဝါဒါဘရီမင် |
| ဟော့ဖန်ဟိမ်း | ၁ | - | ၃ | ဖရန့်ဖတ် |
| လေဗာကူဆင် | ၃ | - | ၁ | ဖရန့်ဖတ် |
| ဖရန့်ဖတ် | ၅ | - | ၁ | ဂါလာတာစာရေး |
| ဖရန့်ဖတ် | ၃ | - | ၄ | ယူနီယံဘာလင် |

